MPRL E&P Pte Ltd.

မန်းရေနံမြေဒေသဖွံ့ဖြိုးရေး
CSR လုပ်ငန်းဆောင်ရွက်ချက်များ

# တို့မန်းမြေ သတင်းလွှာ

၂၀၂၆ ခုနှစ်၊ ဇွန်လ | အတွဲ - ၆၊ အမှတ် - ၁ | သုံးလတစ်ကြိမ်ထုတ်ဝေပါသည်။




## ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ဖို့ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်စို့

**MPRL E&P ၏ ၂၀၂၆ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်လှုပ်ရှားမှု**

ဇွန်လ (၀၅) ရက်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ (World Environment Day) အဖြစ် ကမ္ဘာတစ်ဝန်း၌ နှစ်စဉ်ကျင်းပလျက်ရှိပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကမ္ဘာမြေ၏ အနာဂတ်ကို ကာကွယ်စောင့်ရှောက်ရန် လူသားအားလုံးကို သတိပေးနှိုးဆော်သည့် အရေးပါသော နေ့ရက်တစ်ခုအဖြစ် ဂုဏ်ပြုကျင်းပလျက်ရှိသည်။

ယနေ့ကမ္ဘာကြီးသည် ရာသီဥတုပြောင်းလဲမှု (Climate Change) ၏ အကျိုးဆက်များကို နေ့စဉ်နှင့်အမျှ ရင်ဆိုင်ကြုံတွေ့နေရသည်။ ကမ္ဘာ့အပူချိန်များ မြင့်တက်လာခြင်း၊ မိုးရွာသွန်းမှုပုံစံများ ပြောင်းလဲလာခြင်း၊ ရေကြီးရေလျှံမှုနှင့် မိုးခေါင်ရေရှားမှုများ ပိုမိုဖြစ်ပွားလာခြင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းနှင့် အင်အားပြင်းမုန်တိုင်းများ မကြာခဏဖြစ်ပေါ်လာခြင်းတို့သည် ရာသီဥတုပြောင်းလဲမှု၏ ထင်ရှားသော လက္ခဏာများဖြစ်သည်။

ဤပြောင်းလဲမှုများသည် သဘာဝပတ်ဝန်းကျင်အပေါ်သာမက လူမှုစီးပွားဘဝ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ အစားအစာဖူလုံရေး၊ ကျန်းမာရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများအပေါ်ပါ ကြီးမားသောသက်ရောက်မှုများ ဖြစ်ပေါ်စေလျက်ရှိသည်။

သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်များအရ ကမ္ဘာ့အပူချိန်သည် စက်မှုခေတ်မတိုင်မီကာလများနှင့် နှိုင်းယှဉ်ပါက အဆက်မပြတ် မြင့်တက်လာနေပြီး ရာသီဥတုစနစ်များလည်း ပိုမိုမတည်မငြိမ် ဖြစ်လာလျက်ရှိသည်။ ထို့ကြောင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့သည် သဘာဝပတ်ဝန်းကျင်အတွက် သတိပေးနှိုးဆော်သည့် နေ့တစ်နေ့သာမက လူသားနှင့် သဘာဝတို့ သဟဇာတဖြစ်စွာ အတူတကွ ရှင်သန်နိုင်ရေးအတွက် ပြန်လည်စဉ်းစားသင့်သည့် အခွင့်အရေးတစ်ရပ်လည်းဖြစ်သည်။

### သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် MPRL E&P ၏ စဉ်ဆက်မပြတ် ကြိုးပမ်းမှုများ

MPRL E&P ကုမ္ပဏီသည် တာဝန်ယူမှုရှိသော စွမ်းအင်ကုမ္ပဏီတစ်ခုအဖြစ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် မန်းရေနံမြေဒေသတွင် နှစ်စဉ်ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် လှုပ်ရှားမှုများကို CSR အစီအစဉ်မှတစ်ဆင့် ဒေသခံလူထုနှင့် ပူးပေါင်း၍ စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ကုမ္ပဏီ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု အစီအစဉ်များ၊ စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှုများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး ဟောပြောပွဲများ၊ သစ်ပင်စိုက်ပျိုးခြင်းနှင့် စိမ်းလန်းစိုပြည်ရေးအစီအစဉ်များ စသည့်လုပ်ငန်းများပါဝင်ပြီး ဒေသခံလူထုနှင့်လက်တွဲကာ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော လူမှုအသိုက်အဝန်းများ ဖန်တီးနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

### ၂၀၂၆ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေးအစီအစဉ်

၂၀၂၆ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်မှာ "ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့" (A Global Call for Climate Action) ဖြစ်သည်။

အဆိုပါ ဆောင်ပုဒ်နှင့်အညီ MPRL E&P ၏ CSR အစီအစဉ်သည် ၂၀၂၆ ခုနှစ်၊ ဇွန်လ (၀၃) ရက်နေ့တွင် မန်းရေနံမြေ၊ အောက်ကျောင်းဘုရားကြီးဝင်း၌ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲတစ်ရပ်ကို ကျင်းပပြုလုပ်ခဲ့သည်။

စာမျက်နှာ - ၁၈

# ဒေသစိုက်ပျိုးရေးစိန်ခေါ်မှုများနှင့် နည်းစနစ်သစ်များကို လက်တွေ့အသုံးချခြင်း



**ယခုတစ်ကြိမ်တွင် မန်းရေနံမြေ ထိစပ်ကျေးရွာ တစ်ရွာဖြစ်သော မန်းကျိုးကျေးရွာမှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့ဝင် တောင်သူ ဦးထွန်းလှအောင်က မိရိုးဖလာစိုက်ပျိုးရေးစနစ်မှ ခေတ်မီစိုက်ပျိုးရေးအသိပညာများနှင့် နည်းစနစ်များအား ပြောင်းလဲဆောင်ရွက်လာနိုင်ပုံအကြောင်း မျှဝေထားပါသည်။ တောင်သူများ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများနှင့် ၎င်းတို့အား ခေတ်မီနည်းစနစ်များဖြင့် ဖြေရှင်းဆောင်ရွက်ရာတွင် အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍ၏ ပံ့ပိုးကူညီမှု အရေးကြီးကြောင်းကိုလည်း တင်ပြထားပါသည်။**



**ဦးထွန်းလှအောင်**
**(မန်းကျိုးကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့ဝင်)**

ကျွန်တော်သည် မကွေးတိုင်းဒေသကြီး၊ မင်းဘူး (စကု) မြို့နယ်၊ မန်းကျိုးကျေးရွာအုပ်စု၊ မန်းကျိုးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူတစ်ဦး ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့ဝင်တစ်ဦးအနေဖြင့် ကျေးရွာအတွက် ရေရရှိရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေး၊ စာကြည့်တိုက်စသည့် လုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်စေရန် ဦးဆောင်ကြိုးပမ်းခဲ့ပါသည်။

တို့မန်းမြေ သတင်းလွှာ

တို့မန်းမြေ သတင်းလွှာသည် MPRL E&P Pte Ltd. ၏ မူပိုင်ဖြစ်ပါသည်။ မြန်မာဘာသာဖြင့် ထုတ်ဝေသည့် တို့မန်းမြေ သတင်းလွှာနှင့် သတင်းလွှာဆိုင်ရာ လိုဂိုအမှတ်အသား၊ သတင်းလွှာတွင်ရေးသားထားသည့် သတင်းနှင့်ဆောင်းပါးများကို တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ကူးယူ၍ တဆင့်ပြန်လည်ထုတ်ဝေခြင်း ခွင့်မပြုပါ။

**စာတည်းမှူး**
ဝတ်မှုံတင်လတ်
withmone.t.latt@mprlexp.com

**စာတည်း**
သည်းစန္ဒီထွန်း
thal.s.tun@mprlexp.com

ပြည့်ပြည့်ဖြိုး
pyae.p.phyo@mprlexp.com

**ဒီဇိုင်း**
ထက်လင်း
htet.linn@mprlexp.com

**MPRL E&P Pte Ltd.**
**CSR & Communications Department**

Vantage Tower - အမှတ် (၆၂၃)၊
ပြည်လမ်း၊ ကမာရွတ်မြို့နယ်
ဖုန်း - ၀၁ ၂၃၀ ၇၇၃၃
ဖက်စ် - ၀၁ ၂၃၀ ၇၇၆၆
အီးမေးလ် - mprlstaff@mprlexp.com
ဝက်ဘ်ဆိုဒ် - www.mprlexp.com

ကျွန်တော်တို့အရပ်ဒေသ၌ ၁၉၉၅ ခုနှစ်နောက်ပိုင်းတွင် မိုးခေါင်ရေရှားခြင်း၊ မြစ်ရေကြီးခြင်း၊ ပိုးမွှားရောဂါများကျရောက်ခြင်း၊ မြေဆီလွှာပျက်ဆီးခြင်း၊ သီးနှံအထွက်နှုန်းများလျော့ကျခြင်း၊ သွင်းအားစုများ ဈေးနှုန်းမြင့်မားခြင်း၊ ဈေးကွက်မတည်ငြိမ်မှုများကို ပိုမိုကြုံတွေ့ကြရသည်။ ထိုအခါ စိုက်ပျိုးရေးကိုအခြေခံ၍ အသက်မွေးဝမ်းကျောင်းပြုကြသော ကျေးရွာသူ၊ ကျေးရွာသားအများစုသည် စီးပွားရေးအရ များစွာ ထိခိုက်ခဲ့ကြရသည်။

ကျွန်တော်တို့ဒေသတွင် အဓိကအားဖြင့် ကုလားပဲ၊ မတ်ပဲ၊ နေကြာ၊ ရေတ်၊ ခရမ်းချဉ်သီးနှံများကို စိုက်ပျိုးကြပါသည်။ ယခင်က နွားဖြင့်သာထွန်ယက်ခဲ့ရပြီး ခရမ်းချဉ်သီးနှံအား မျိုးစေ့ကိုပက်ကျဲ၍ စိုက်ပျိုးခဲ့ကြပါသည်။ ကံတရားအပေါ်



ပုံအပ်၍ ဆိုးရွားစွာ ပြောင်းလဲလာသည့် ရာသီဥတုကို ရင်ဆိုင်အံတုကာ စိုက်ပျိုးရေးလုပ်ငန်းကို အစဉ်အလာမပျက် လုပ်ကိုင်ခဲ့ကြပါသည်။ သို့သော် ဒေသမျိုးများဖြစ်သဖြင့် သီးနှံများသည် အထွက်နှုန်းနည်းခြင်း၊ ရောဂါခံနိုင်ရည်နည်းခြင်း၊ ရောင်းတန်းမဝင်ခြင်း၊ အခြားဒေသသို့ တင်ပို့ရန် အရည်အသွေးမမီခြင်းတို့ကြောင့် ဈေးကောင်းမရဖြစ်ခဲ့ပါသည်။

ထို့ပြင် ကျွန်တော်တို့ဒေသသည် မြန်မာပြည်အလယ်ပိုင်း မိုးခေါင်ရေရှားဒေသဖြစ်ပြီး ရာသီဥတု ပြောင်းလဲစိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရပါသည်။ ရာသီဥတုပြောင်းလဲမှုနှင့်အညီ မိုးရွာသွန်းမှု နည်းပါးခြင်း၊ အပူချိန်မြင့်မားခြင်း၊ ရေရရှိမှုနည်းပါးခြင်း၊ ဆောင်းရာသီအအေးပေါ့ခြင်း၊ ရေဝတီမြစ်ရေတိုက်စားမှုကြောင့် မြေဆီလွှာများ မျောပါပျက်စီးခြင်းတို့ကို ကြုံတွေ့ရပါသည်။ သို့ဖြစ်၍ စိုက်ပျိုးမြေတွင် ကုလားပဲသေခြင်းကဲ့သို့ မြေဆောင်ရောဂါနှင့် မျိုးစေ့တွင် မျိုးစေ့ဆောင် ရောဂါများအမြစ်တွယ်လျက်ရှိပါသည်။ သီးနှံစိုက်ပျိုးရေးတွင် ရာသီဥတုမမှန်၍ ရောဂါမျိုးစုံကျရောက်ပြီး ကုသရန်မလွယ်လှပေ။ ဝါမထပ်ခင်နှစ်များတွင် စိုက်ပျိုးချိန်နှင့် ရာသီဥတုမကိုက်ညီမှုများ ဖြစ်တတ်သဖြင့် အင်္ဂလိပ်ခုနှစ်၊ လ၊ ရက်များကို မှတ်သား၍ စိုက်ပျိုးခြင်းများ ပြုလုပ်ရပါသည်။ ဈေးကွက်မတည်ငြိမ်ခြင်းနှင့် ယခုနှစ်ဈေးကောင်းရသောသီးနှံက လာမည့်နှစ်တွင် ဈေးကောင်းမရခြင်း၊ မရောင်းရခြင်းစသော အခြေအနေများက တောင်သူများ၏ စီးပွားရေးကို ထိခိုက်စေပါသည်။

## ပြုပြင်ပြောင်းလဲမှုများ စတင်ဆောင်ရွက်ခြင်း

လွန်ခဲ့သော ဆယ်စုနှစ်အတွင်းမှာတော့ (၉၀၉) ကဲ့သို့သော အရည်အသွေးမြင့် ခရမ်းချဉ်မျိုးစပ်မျိုးစေ့များဖြင့် ဘောင်တင်၍စိုက်ပျိုးခြင်း၊ တိုင်ထောင်တန်းချီ၍ စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်လာနိုင်သောကြောင့် ဒေသ၏ ခရမ်းချဉ်စိုက်ပျိုးရေးအဆင့်အတန်းကို အနည်းငယ် စတင်မြှင့်တင်နိုင်ခဲ့ပါသည်။

MPRL E&P ၏ CSR အစီအစဉ်ဖြင့် ၂၀၁၇ ခုနှစ်တွင် စိုက်ပျိုးရေးပညာရှင်များကို ဖိတ်ခေါ်၍ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များကို ထိစပ်ကျေးရွာ (၁၄) ရွာမှ တောင်သူများအား သင်တန်းပို့ချခြင်း၊ ပွင့်ဖြူစံပြစိုက်ခင်းသို့ လေ့လာရေးခရီး ပို့ဆောင်ခြင်းများ ဆက်တိုက်ပြုလုပ်ပေးခဲ့ပါသည်။ ၎င်းခရီးစဉ်တွင် မျှားနီကုမ္ပဏီမှ ထုတ်လုပ်သော နဘားနားနှင့် ပလက်တီနမ် ခရမ်းချဉ်မျိုးများ စိုက်ပျိုးထားသည်ကို မျက်မြင်တွေ့ခဲ့ရပြီး ပလတ်စတစ်အုပ်၍ (၃) ပေ၊ (၁) ပေခွဲ ဘောင်တင်တန်းထိုး စိုက်ပျိုးနည်းစနစ်ကို စတင်မြင်တွေ့ခဲ့ရပါသည်။

ပလတ်စတစ်ခဲမဲ အသုံးပြုခြင်းကြောင့် အစိုဓာတ်ထိန်းခြင်း၊ ပေါင်းမြက်ပေါက်မှုကို ကာကွယ်ပေးခြင်း၊ ပိုးမွှားအန္တရာယ်ကျရောက်မှုနည်း၍ အလွယ်တကူရှင်းလင်းနိုင်ခြင်း စသည့် အားသာချက် အကျိုးကျေးဇူးများ ရရှိခဲ့ပြီး ကုန်ကျစရိတ်သက်သာ၍ အကျိုးအမြတ်များစွာရရှိကြောင်း သိရှိခဲ့ရပါသည်။ ဤသို့ဖြင့် ယခုအခါ ကျွန်တော်တို့ဒေသတွင် တောင်သူအများစုမှာ ပလတ်စတစ်အုပ်၍ စိုက်ပျိုးသည့်နည်းစနစ်ဖြင့်သာ ခရမ်းချဉ်သီးနှံကို စိုက်ပျိုးလာကြပါသည်။

သို့ဖြစ်၍ နောက်ပိုင်းတွင် MPRL E&P ၏ CSR အစီအစဉ်သည် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ရေတံခွန်တောင်သူပညာပေးအဖွဲ့၊ ဒို့ကျေးလက်တောင်သူပညာပေးအဖွဲ့များနှင့် ချိတ်ဆက်၍ စိုက်ပျိုးရေးနည်းပညာပေးဆွေးနွေးပွဲများ၊ သင်တန်းများကို မန်းရေနံမြေဒေသခံတောင်သူများအတွက် အစဉ်မပြတ် ဆောင်ရွက်ပေးလာခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ မတ်လ (၁၄) နှင့် (၁၅) ရက်တို့တွင် သဘာဝစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေးနှင့် ဘိုကာရှီမြေဆွေးပြုလုပ်နည်းသင်တန်းများကိုလည်း စာတွေ့လက်တွေ့ ပို့ချပေးခဲ့ပါသေးသည်။



ကျွန်တော်အနေဖြင့်လည်း အဆိုပါ စိုက်ပျိုးရေးအသိပညာပေးဆွေးနွေးပွဲများ၊ သင်တန်းများကို တက်ရောက်ခဲ့သဖြင့် မိရိုးဖလာစိုက်ပျိုးရေးမှသည် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်များ၊ ဘိုကာရှီမြေဆွေး၊ ငါးအမိုင်နိုအက်ဆစ်၊ အီးအမ်စသည့် အကြောင်းအရာများကို လက်တွေ့သိမြင်နားလည်ခွင့်ရ၍ စိုက်ပျိုးရေးလုပ်ငန်းကို ပိုမိုကောင်းမွန်တိုးတက်အောင် ပြုပြင်လုပ်ကိုင်နိုင်ခဲ့ပါသည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်သွယ်ချိတ်ဆက်၍ စိုက်ပျိုးရေးခြံထွက်မျိုးကောင်းမျိုးသန့်များကို လက်လှမ်းမီခဲ့ပါသည်။ ရာသီဥတုပြောင်းလဲခြင်းနှင့် လိုက်လျောညီထွေသော စိုက်ပျိုးရေးနည်းစနစ်များကို ပြောင်းလဲကျင့်သုံးနိုင်ခဲ့ပါသည်။ ရေသွင်းစိုက်ပျိုးခြင်း၊ တန်းစနစ်စိုက်ပျိုးခြင်း၊ သီးနှံပြောင်းလဲစိုက်ပျိုးခြင်း၊ နုံးတင်မြေနုများဖို့၍ မြေပြင်ခြင်းများ ပြုလုပ်နိုင်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ်မှစတင်၍ MPRL E&P ၏ CSR အစီအစဉ်ဖြင့် နေကြာမျိုးသန့်စိုက်ပျိုးခြင်းလုပ်ငန်းကို စဉ်ဆက်





မပြတ် စိုက်ပျိုးလုပ်ကိုင်နိုင်ခဲ့ပါသည်။ ထို့ပြင် ၂၀၂၅ ခုနှစ်၊ မတ်လ (၂) ရက်နေ့တွင် မကွေးတိုင်းဒေသကြီးအစိုးရမှ ချီးမြှင့်သော စိုက်ပျိုးရေးဆိုင်ရာ ဂုဏ်ထူးဆောင်ဆုကို ရရှိခဲ့ပါသည်။

## မျိုးစေ့ဘဏ်အစီအစဉ်၊ မြေဆီလွှာထိန်းသိမ်းခြင်းနည်းစနစ်များနှင့် အကျိုးတရားများ

၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် စတင်၍ MPRL E&P (CSR အစီအစဉ်) ၏ မတည်ပံ့ပိုးမှုဖြင့် မျိုးစေ့ဘဏ်ကော်မတီ ပေါ်ပေါက်လာပြီး ကျွန်တော်သည် မျိုးစေ့ဘဏ်ကော်မတီဝင်တစ်ဦး ဖြစ်လာခဲ့ပါသည်။ စိုက်ဘောင်အုပ်ပလတ်စတစ်များ၊ ခရမ်းချဉ်မျိုးစေ့ထုပ်များ၊ နေကြာမျိုး ဆင်းရွှေကြာ (၂)၊ ရေဆင်း (၁) စပ်မျိုးနေကြာထုပ်များ၊ ရေဆင်း (၆)၊ ရေဆင်း (၁၂) ကုလားပဲမျိုးသန့်များကို မျိုးပေါ်ပြန်ပေးစနစ်ဖြင့် တောင်သူများကို စတင်ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ ကုလားပဲကဲ့သို့သော မျိုးစေ့များကို (၃) နှစ်တစ်ကြိမ် ပြန်လည်လဲလှယ်ရပါသည်။ မျိုးစေ့ဘဏ်အစီအစဉ်ကြောင့် တောင်သူများ မျိုးကောင်းမျိုးသန့်ရရှိခြင်း၊ အရင်းအနှီးစိုက်ထုတ်ရမှုအတွက် ချေးယူရမှုနည်းပါးခြင်း စသော အကျိုးကျေးဇူးများစွာရရှိခဲ့ကြောင်း တွေ့ရပါသည်။

ကျွန်တော်တို့ ဘိုးဘွားစဉ်ဆက် စိုက်ပျိုးလာသော မြေဆီလွှာသည် ရောဂါခံနိုင်ရည်နည်းခြင်း၊ အားအင်ချို့တဲ့လာ၍ အထွက်နှုန်းကျဆင်းလာသည့်အတွက် ပြုပြင်ပြောင်းလဲရန်လိုအပ်လာပါသည်။ သို့ဖြစ်၍ ယခုနှစ်အတွင်း MPRL E&P ၏ CSR အစီအစဉ်ဖြင့် မန်းကျိုးကျေးရွာ၊ ဘုန်းတော်ကြီးကျောင်းတွင် ဒို့ကျေးလက်တောင်သူပညာပေးအဖွဲ့မှ စိုက်ပျိုးရေးနှင့် မြေဆီလွှာထိန်းသိမ်းရေး နည်းပညာပေးသင်တန်းကို နှစ်ရက်တာ ကျင်းပပြုလုပ်ပေးခဲ့ပါသည်။ ထိုသင်တန်းတွင်

စာမျက်နှာ - ၄ ▶





# စိုက်ပျိုးဖြစ်ထွန်းအထွက်တိုးဖို့ မြေဆီလွှာပြုပြင်ထိန်းသိမ်းစို့

## MPRL E&P နှင့် ဒို့ကျေးလက်အဖွဲ့တို့ပူးပေါင်း၍ မန်းရေနံမြေတောင်သူများ၏ စိုက်ပျိုးမှုစွမ်းရည်မြှင့်တင်ရေး အားပေးဆောင်ရွက်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်ပြီး မန်းရေနံမြေဒေသတွင် နေထိုင်ကြသည့် ဒေသခံအများစုသည်လည်း စိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုကြသည်။ သို့ရာတွင် လက်ရှိဖြစ်ပေါ်နေသော စိုက်ပျိုးစရိတ်များမြင့်မားခြင်း၊ မြေဆီလွှာအရည်အသွေးကျဆင်းခြင်း၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းနှင့် သီးနှံဈေးကွက်မတည်ငြိမ်ခြင်းစသည့် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ စိန်ခေါ်မှုများကို နိုင်ငံတစ်ဝန်းရှိ တောင်သူများနည်းတူ မန်းရေနံမြေဒေသခံ တောင်သူများလည်း ရင်ဆိုင်နေရသည်။

ယင်းသို့သော စိုက်ပျိုးရေးဆိုင်ရာ စိန်ခေါ်မှုအခက်အခဲများကို ဖြေရှင်းရာတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် အနေဖြင့် MPRL E&P ကုမ္ပဏီသည် မန်းရေနံမြေဒေသခံ တောင်သူများ၏ စိုက်ပျိုးမှုစွမ်းရည်ကို မြှင့်တင်ပေးသည့် CSR လုပ်ငန်းစဉ်များကို နှစ်စဉ်ပံ့ပိုးလျက်ရှိသည်။

ယခုနှစ်တွင်လည်း မန်းရေနံမြေဒေသရှိ တောင်သူများ၏ စိုက်ပျိုးမှုစွမ်းရည်ကို မြှင့်တင်သည့် အစီအစဉ်တစ်ရပ်အဖြစ် MPRL E&P ၏ CSR အစီအစဉ်သည် တောင်သူအသိပညာပေး ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်သည့် 'ဒို့ကျေးလက်' အဖွဲ့နှင့်ပူးပေါင်းကာ 'မြေဆီလွှာပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ တောင်သူအသိပညာပေးဟောပြောပွဲနှင့် နှီးနှောဖလှယ်ပွဲ' ကို မန်းရေနံမြေဒေသတွင် ကျင်းပပြုလုပ်ခဲ့သည်။ ၂၀၂၆ ခုနှစ်၊ မေလ (၂၁) ရက်နေ့တွင် မန်းရေနံမြေဒေသ၊ မန်းကျိုးကျေးရွာကျောင်းတိုက်၌ ကျင်းပပြုလုပ်သော အဆိုပါအသိပညာပေးပွဲသို့ မန်းရေနံမြေ ထိစပ်ကျေးရွာများမှ တောင်သူ (၂၅၀) ခန့် တက်ရောက်ခဲ့ကြပြီး မြေဆီလွှာကျန်းမာရေး၊ သဘာဝမြေဩဇာအစားထိုးနည်းလမ်းများနှင့် ရာသီဥတုဒဏ်ခံနိုင်သော စိုက်ပျိုးရေးနည်းလမ်းများကို တောင်သူများအား အသိပညာမျှဝေခဲ့သည်။







ထို့နောက် အသိပညာပေးဟောပြောပွဲအပြင် လက်တွေ့စိုက်ပျိုးရေးလုပ်ငန်းတွင် ပိုမိုထိရောက်မှုရှိစေရန် MPRL E&P ၏ CSR အစီအစဉ်သည် ဒို့ကျေးလက်အဖွဲ့နှင့် ဆက်လက်ပူးပေါင်းကာ အခြေခံစိုက်ပျိုးရေးနည်းပညာများနှင့် အိမ်တွင်းဖြစ် သဘာဝမြေဩဇာပြုလုပ်ခြင်း၊ မြေဆီလွှာထိန်းသိမ်းခြင်း၊ ရာသီဥတုနှင့်လိုက်လျောညီထွေ စိုက်ပျိုးခြင်းစသည့်နည်းလမ်းများကို စာတွေ့လက်တွေ့ သင်ကြားပေးသည့် 'စိုက်ပျိုးရေးနည်းပညာသင်တန်း' ကို မန်းရေနံမြေတောင်သူများအတွက် စီစဉ်ပြုလုပ်ပေးခဲ့သည်။ ၂၀၂၆ ခုနှစ်၊ ဇွန်လ (၁၄) ရက်နှင့် (၁၅) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော အဆိုပါ စိုက်ပျိုးရေးနည်းပညာသင်တန်းသို့ မန်းရေနံမြေဒေသခံတောင်သူ (၃၉) ဦး တက်ရောက်ခဲ့ပြီး စာတွေ့သင်ယူမှုနှင့် လက်တွေ့လေ့ကျင့်မှုများကို ပြုလုပ်ခဲ့ကြသည်။

သင်တန်းကို ဒို့ကျေးလက်အဖွဲ့မှ သင်တန်းအတိုင်ပင်ခံနှင့် စိုက်ပျိုးရေးပညာရှင် ဦးသန်းဇော်က ဦးဆောင်ပို့ချခဲ့ပြီး မြေ၊ မျိုး၊ ပိုး၊ ရိတ်သိမ်းချိန်နှင့် ရာသီဥတုဟူသည့် မြေဆီလွှာပြုပြင်ထိန်းသိမ်းမှု၊ မျိုးစေ့ရွေးချယ်မှု၊ ပိုးမွှားနှင့်ရောဂါကာကွယ်နှိမ်နင်းမှု၊ ရိတ်သိမ်းချိန်လွန်နည်းစနစ်များနှင့် ရာသီဥတုအခြေအနေအလိုက် လုပ်ကိုင်ဆောင်ရွက်သင့်သော စိုက်ပျိုးမှုနည်းလမ်းများကို သင်ကြားပေးခဲ့သည်။

### စာတွေ့လက်တွေ့သင်ခန်းစာများ သင်ယူရရှိခြင်း

သင်တန်းတွင် တောင်သူများသည် စပါး၊ မြေပဲ၊ နှမ်းနှင့် ခရမ်းချဉ်ကဲ့သို့ ဒေသတွင်း အဓိကစိုက်ပျိုးသီးနှံများအတွက် မြေဆီလွှာအာဟာရလိုအပ်ချက်များကို လေ့လာခဲ့ကြပြီး၊ မြေချဉ်၊ မြေငံ ဓာတ်ဂုဏ်သတ္တိများအကြောင်းကို လေ့လာ၍ မန်းရေနံမြေဒေသ စိုက်ပျိုးတောင်သူများ အဓိကရင်ဆိုင်နေရ







သည့် မြေချဉ်သည့်ပြဿနာကို စိုက်ပျိုးရေးသုံးထုံးနှင့် ဒေသတွင်းအလွယ်တကူရနိုင်သော အရင်းအမြစ်များဖြင့် ပြုပြင်နိုင်သည့် နည်းလမ်းများကို လက်တွေ့သင်ယူခဲ့ကြသည်။

ထို့ပြင် အပင်ပေါက်နှုန်းကောင်းမွန်ပြီး သီးနှံဖြစ်ထွန်းမှုကို အထောက်အကူပြုနိုင်မည့် မျိုးစေ့ကောင်းရွေးချယ်ခြင်းနှင့် စနစ်တကျသိုလှောင်ခြင်း နည်းလမ်းများကိုပါ သင်ယူခဲ့ကြသည်။ ပိုးမွှားနှင့်ရောဂါ ကာကွယ်နှိမ်နင်းမှုအပိုင်းတွင်လည်း မိတ်ဆွေပိုးနှင့် ဖျက်ပိုးများအကြောင်းကို လေ့လာသင်ယူခဲ့ကြပြီး စိုက်ပျိုးရေးဂေဟစနစ်အတွက် အရေးပါသည့် မိတ်ဆွေပိုးများကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည့် ပိုးမွှားကာကွယ်နှိမ်နင်းရေးနည်းလမ်းများကို သင်ယူခွင့်ရခဲ့ကြသည်။ ထို့ပြင် ရိတ်သိမ်းချိန်လွန်နည်းပညာများ၊ မိမိစိုက်သည့် အပင်သက်တမ်း၊ အပင်ပိုင်းကာလ၊ အသီးအပွင့်



နှင့် ရင့်မှည့်ချိန်ကာလအပြင် သီးနှံအလိုက် အပင်ပြုစုနည်းများနှင့် သိရှိလိုက်နာရမည့် လုပ်ဆောင်ချက်များကိုလည်း သင်ကြားခဲ့ရသည်။

သင်တန်း၏ အဓိကအလေးပေးချက်တစ်ခုမှာ ဈေးနှုန်းမြင့်မားသော ဓာတုမြေဩဇာများအစား ကုန်ကျစရိတ်သက်သာပြီး ရေရှည်အသုံးပြုနိုင်သည့် သဘာဝနည်းလမ်းများကို မိတ်ဆက်ပေးခြင်းဖြစ်သည်။ တောင်သူများသည် ငါးအမိုင်နိုအက်ဆစ်မြေဩဇာ၊ မီးဖိုချောင်စွန့်ပစ်ပစ္စည်းမြေဆွေး၊ သဘာဝမြေဆွေး၊ အနုဇီဝသဘာဝမြေဩဇာ (အီးအမ်) ဖျော်ရည်နှင့် ထုံးနှင့်ကန့် ရောစပ်ထားသော သဘာဝပိုးသတ်ဆေးများ ပြုလုပ်နည်းကို အသေးစိတ်လေ့လာခဲ့ကြပြီး စိုက်ပျိုးစရိတ်လျှော့ချရန်နှင့် ပြင်ပသွင်းအားစုများအပေါ် မှီခိုမှုလျှော့ချနိုင်ရန် နည်းလမ်းများကို လေ့လာသင်ယူခဲ့ကြသည်။

အထူးသဖြင့် ဒုတိယနေ့သင်တန်းတွင် တောင်သူများသည် အီးအမ်ဖျော်ရည်၊ သဘာဝမြေဩဇာနှင့် သဘာဝပိုးသတ်ဆေးများကို မိမိတို့ကိုယ်တိုင် လက်တွေ့ပြင်ဆင်ဖော်စပ်ခဲ့ကြပြီး မြေဆီလွှာ pH (အချဉ်ဓာတ်/အငံဓာတ်) တိုင်းတာခြင်း၊ NPK အာဟာရဓာတ်စစ်ဆေးခြင်းနှင့် မျိုးစေ့ရွေးချယ်ခြင်းနည်းစနစ်များကို လက်တွေ့လေ့ကျင့်ခဲ့ကြသဖြင့် မိမိတို့၏ မြေဆီလွှာအခြေအနေကို ပိုမိုနားလည်လာပြီး မြေဩဇာကို မှန်ကန်စွာ ဆုံးဖြတ်အသုံးပြုနိုင်မည့်ယုံကြည်မှုများ ရရှိခဲ့ကြသည်။



## သင်တန်းသားတောင်သူများ၏ ရင်တွင်းစကားသံများ



**ဦးအောင်မြင့်စန်း**
(မန်းကျိုးကျေးရွာ)

"တောင်သူတွေ ရင်ဆိုင်နေရတဲ့ အကြီးမားဆုံးပြဿနာက သီးနှံဈေးကွက်မတည်ငြိမ်တာပါပဲ။ သီးနှံတွေ လှိုင်လှိုင်ထွက်တဲ့အချိန်မှာ ဈေးကျပြီး တောင်သူလက်ထဲ သီးနှံကုန်သွားမှ ဈေးပြန်တက်တာက တကယ့်ပြဿနာတစ်ရပ်ပါ။ တစ်ဖက်မှာလည်း ကျွန်တော်တို့မြေတွေက ပိုပိုပြီးချဉ်လာတော့ စိုက်ပျိုးရတာ ပိုခက်ခဲပြီး စရိတ်တွေလည်း ပိုကုန်လာပါတယ်။

ဒီသင်တန်းကနေ အောင်မြင်တဲ့စိုက်ပျိုးရေးဆိုတာ ကျန်းမာတဲ့မြေဆီလွှာက စတင်တယ်ဆိုတာကို နားလည်လာပါတယ်။ အရင်ကတော့ ထယ်ရေးပြင်ပြီး စိုက်ပျိုးဖို့ပဲ အဓိကထားခဲ့တယ်။ ကိုယ့်မြေက မြေချဉ်ဖြစ်တာကို သိရှိသွားပြီမို့ အခုတော့ မစိုက်ပျိုးခင် မြေပြင်ချိန်မှာ ထုံးနဲ့ကန့်မှုန့်တွေ အသုံးပြုပြီး မြေဆီလွှာပြုပြင်ဖို့ စဉ်းစားထားပါတယ်။ ဒေသတွင်းရနိုင်တဲ့ ပစ္စည်းတွေ၊ ငါးအမိုင်နိုအက်ဆစ်မြေဩဇာနဲ့ သဘာဝမြေဆွေးလုပ်နည်းတွေက ကုန်ကျစရိတ်သက်သာပြီး တောင်သူတွေအတွက် လက်တွေ့အသုံးဝင်ပါတယ်။ မန်းရေနံမြေနဲ့ ထိစပ်ကျေးရွာတွေမှာ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုစီးပွားတိုးတက်စေရေး စတဲ့ ကဏ္ဍစုံကို စဉ်ဆက်မပြတ်ကူညီပံ့ပိုးပေးနေတဲ့ MPRL E&P ကုမ္ပဏီကို ကျေးဇူးတင်ရှိပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ တောင်သူတွေရဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်အောင်ကူညီပေးလို့ ကျေးဇူးအထူးတင်ရှိပါတယ်။"



စာမျက်နှာ - ၁၉

# လူငယ်များ၏ ပညာရေးအိပ်မက်များကို MPRL E&P မှ ပညာသင်ဆုအစီအစဉ်များ ပံ့ပိုးခြင်းဖြင့် ဖြည့်ဆည်းလျက်ရှိ



MPRL E&P ကုမ္ပဏီသည် မန်းရေနံမြေဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဒေသခံလူငယ်များ၏ အနာဂတ်အတွက် များစွာအထောက်အကူဖြစ်စေမည့် ပညာရေးမြှင့်တင်ခြင်းနှင့် အသက်မွေးဝမ်းကျောင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို အထောက်အကူပြုမည့် သင်တန်းများပံ့ပိုးခြင်းတို့ကို အဓိကအခန်းကဏ္ဍတစ်ခုအဖြစ် အလေးထားလုပ်ဆောင်လျက်ရှိပါသည်။

ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင်လည်း MPRL E&P ၏ CSR အစီအစဉ်ဖြင့် မန်းရေနံမြေဒေသခံလူငယ်နှင့် ဝန်ထမ်းသားသမီး စုစုပေါင်း (၂၃) ဦးအား ပညာသင်ဆုများ ဆက်လက်ပံ့ပိုးပေးလျက်ရှိရာ ယခုနှစ် ပထမသုံးလပတ်အတွင်း သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းအသီးသီးတွင် အောက်ပါအတိုင်း သင်ကြားတက်ရောက်လျက်ရှိပါသည်။

## ၁။ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပွင့်ဖြူ)

စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပွင့်ဖြူ) တွင် စိုက်ပျိုးရေးဒီပလိုမာသင်တန်း တက်ရောက်ရန်အတွက် မန်းရေနံမြေထိစပ်ကျေးရွာများရှိ ဒေသခံလူငယ် စုစုပေါင်း (၉) ဦးအား ပညာသင်ဆု ပံ့ပိုးပေးခဲ့ပါသည်။ ၎င်းလူငယ်များတွင် ရွာသာကျေးရွာမှ (၃) ဦး၊ မယ်ဘော့ကုန်းကျေးရွာမှ (၃) ဦး၊ ကြာကန်ကျေးရွာမှ (၁) ဦး၊ လက်ပံတပင်ကျေးရွာမှ (၁) ဦးနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (မန်းရေနံမြေ) မှ ဝန်ထမ်းသားသမီးဖြစ်သူ အောက်ကျောင်းကျေးရွာမှ (၁) ဦးတို့ ပါဝင်ပါသည်။ ၎င်းတို့သည် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၂၄) ရက်နေ့မှစတင်၍ သင်တန်းကျောင်းကို တက်ရောက်ခဲ့ကြပြီး ယခုအခါ ပထမနှစ်၊ ဒုတိယစာသင်နှစ်ဝက်ကို ဆက်လက်သင်ယူလျက်ရှိပါသည်။

## ၂။ အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး)

ဒေသခံလူငယ်များ လက်တွေ့အသုံးချ အသက်မွေးဝမ်းကျောင်းပညာရပ်များ ဆည်းပူးနိုင်ရန်အတွက် အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) ရှိ စက်မှုကျွမ်းကျင် (၁) နှစ်






သင်တန်း၊ အမှတ်စဉ် (၁၄) တွင် တက်ရောက်နေသော ဒေသခံလူငယ် စုစုပေါင်း (၉) ဦးအား ပညာသင်ဆု ပံ့ပိုးပေးထားပါသည်။ အဆိုပါသင်တန်းသားများမှာ အေးမြကျေးရွာမှ (၂) ဦး၊ မန်းကျိုးကျေးရွာမှ (၂) ဦး၊ ကြာကန်ကျေးရွာမှ (၂) ဦး၊ ရွာသာကျေးရွာမှ (၂) ဦးနှင့် ဝန်ထမ်းအိမ်ရာ (၁) နေ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (မန်းရေနံမြေ) ၏ ဝန်ထမ်းသားသမီး (၁) ဦးတို့ဖြစ်ပြီး ၂၀၂၆ ခုနှစ်၊ မေလ (၀၄) ရက်နေ့မှစတင်ကာ စိတ်အားထက်သန်စွာဖြင့် တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

## ၃။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

MPRL E&P သည် ထူးချွန်ထက်မြက်၍ အဆင့်မြင့်ပညာသင်ယူရန် အရည်အချင်းပြည့်မီသည့် ကျောင်းသားလူငယ်များအတွက်လည်း ပညာသင်ဆုများကို စဉ်ဆက်မပြတ် ပံ့ပိုးလျက်ရှိပါသည်။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးရေးသိပ္ပံဘွဲ့ကြိုသင်တန်းတွင် ချင်တောင်ကျေးရွာမှ ဒေသခံလူငယ်တစ်ဦးသည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလမှ စတင်ကာတက်ရောက်ခဲ့ပြီး ယခုအခါ တတိယပညာသင်နှစ်၊ ဒုတိယနှစ်ဝက်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။



## ၄။ ဆေးတက္ကသိုလ် (မကွေး)

ဆေးတက္ကသိုလ် (မကွေး) တွင် ပညာသင်ယူနေသော ရွာသာကျေးရွာမှ လူငယ်တစ်ဦးသည်လည်း ပညာသင်ဆုအစီအစဉ်ဖြင့် စတုတ္ထပညာသင်နှစ်ကို ဆက်လက်တက်ရောက်လျက်ရှိပါသည်။

## ၅။ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်

ရေကြောင်းပညာရပ်တွင် စိတ်ပါဝင်စား၍ ဝင်ခွင့်ရရှိသည့် ကြီးပင်ကန်ကျေးရွာမှ ကျောင်းသားတစ်ဦးအား မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၏ ဘွဲ့ကြိုဒီပလိုမာ (ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာ အရာရှိလောင်း) သင်တန်းအတွက် ပညာသင်စရိတ်များကို ဆက်လက်ပံ့ပိုးပေးလျက်ရှိပြီး ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှစ၍ တက်ရောက်သင်ကြားလျက်ရှိသည်။

## ၆။ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် (ရေဆင်း)

ထိုနည်းတူပင် မန်းရေနံမြေဒေသခံ လူငယ်များအပြင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဝန်ထမ်းမိသားစုဝင် သားသမီးများ၏ လိုအပ်ချက်များအပေါ်မူတည်ကာ ပညာသင်ဆုများကို တိုးချဲ့ပံ့ပိုးလျက်ရှိရာ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် (ရေဆင်း) တွင် သိပ္ပံဘွဲ့ (သစ်တောပညာ) သင်ယူနေကြသည့် ဒုတိယနှစ်ကျောင်းသားတစ်ဦးနှင့် တတိယနှစ်ကျောင်းသူတစ်ဦးတို့ကိုလည်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၏ ဒုတိယနှစ်ဝက်မှစ၍ ပညာသင်ဆုများ စတင်ပံ့ပိုးပေးထားပါသည်။

စာမျက်နှာ - ၂၁ ▶

# လေ့လာစူးစမ်း ဉာဏ်ရွှင်လန်း

## မန်းရေနံမြေတွင် စာကြည့်တိုက်အသုံးပြုခြင်းနှင့် စာပေဖတ်ရှုခြင်း အလေ့အကျင့်များ အားပေးမြှင့်တင်



"ယနေ့ စာဖတ်သူသည် နောင်တစ်ချိန်တွင် ခေါင်းဆောင်ဖြစ်လာလိမ့်မည်" ဆိုသည့် စကားသည် ရိုးရှင်းသော်လည်း အဓိပ္ပာယ်နက်နဲလှပါသည်။ လူအများစုက စာဖတ်ခြင်းကို ဝါသနာပါမှ လုပ်ဆောင်ကြရသည့် အလေ့အကျင့်ဟု မှတ်ယူကြသော်လည်း၊ အမှန်စင်စစ် တစ်သက်တာ သင်ယူမှုခရီးစဉ်သည် ကလေးတစ်ဦး စာအုပ်တစ်အုပ်ကို စတင်ဖွင့်လိုက်သည့် အချိန်မှစ၍ စတင်ပါသည်။ ငယ်ရွယ်စဉ်ကာလမှစ၍ စာဖတ်ခြင်းသည် စာတတ်မြောက်ရေးအတွက်သာမက ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ ဝေဖန်ပိုင်းခြားတွေးခေါ်နိုင်မှုနှင့် စိတ်ပိုင်းဆိုင်ရာ ဉာဏ်ရည်ဉာဏ်သွေးတို့အတွက် အခြေခံမဏ္ဍိုင်တစ်ခုဖြစ်ပါသည်။

ကလေးများသည် စာအုပ်များနှင့် စောစီးစွာ ထိတွေ့ခွင့်ရသောအခါ ပိုမိုခိုင်မာသော ဝေါဟာရများကို တည်ဆောက်နိုင်ပြီး မတူညီသော ဇာတ်ကောင်များ၏နေရာတွင် ဝင်ရောက်ခံစားကြည့်ခြင်းဖြင့် ကိုယ်ချင်းစာတရားကိုပါ ပိုမိုဖွံ့ဖြိုးလာစေသည်။ ကိုယ်တိုင်မရောက်ဖူးသောဒေသများ၊ မတွေ့ကြုံဖူးသော အခြေအနေများ၊ အတ္တုပ္ပတ်များ၊ အတွေးအခေါ်အယူအဆများကို စာပေမှတစ်ဆင့် သင်ခန်းစာယူနိုင်စွမ်းနှင့် ဆက်စပ်တွေးခေါ်နိုင်စွမ်း မြင့်မားလာပြီး ရှုထောင့်ပေါင်းစုံအခြေခံ၍ လက်တွေ့ဘဝတွင် မှန်ကန်သောဆုံးဖြတ်ချက်များကို ခိုင်ခိုင်မာမာချမှတ်နိုင်ပါသည်။ ၎င်းတို့ဘဝ၏ အစကောင်းတစ်ခုသည် ၎င်းတို့၏ ကြီးထွားဖွံ့ဖြိုးဆဲကာလများတွင် ဖတ်ရှုမှတ်သားခဲ့သော ပုံပြင်များ၊ ဗဟုသုတများနှင့် ဆက်စပ်နေပါသည်။

### မန်းရေနံမြေဒေသရှိ မျိုးဆက်သစ်များအတွက် စွမ်းရည်မြှင့်တင်ပေးခြင်း

စာဖတ်ခြင်း၏ ပြောင်းလဲနိုင်စွမ်းအားကို အသိအမှတ်ပြုအလေးထားသောအားဖြင့် MPRL E&P သည် မန်းရေနံမြေ ထိစပ်ကျေးရွာများအတွင်းရှိ ကလေးများနှင့် လူငယ်များ၏ စွမ်းရည်များကို ပြုစုပျိုးထောင်ပေးရန် ရည်ရွယ်ကာ စဉ်ဆက်မပြတ် လည်ပတ်ဖွင့်လှစ်လျက်ရှိသော စာကြည့်တိုက်များသို့ စာအုပ်စာပေများ ပံ့ပိုးဖြည့်ဆည်းခြင်းကို ၂၀၂၂ ခုနှစ်မှစ၍ ဆောင်ရွက်လာခဲ့ပါသည်။ ကလေး၊ လူငယ်များ စာကြည့်တိုက်အသုံးပြုခြင်းနှင့် စာဖတ်သည့်အလေ့အကျင့်



များကို မြှင့်တင်ရန် ကြိုးပမ်းအားထုတ်မှု တစ်စိတ်တစ်ပိုင်းအနေဖြင့် 'Curious Minds – လေ့လာစူးစမ်း ဉာဏ်ရွှင်လန်း' အစီအစဉ်ကို ၂၀၂၆ ခုနှစ်၊ နွေရာသီကျောင်းပိတ်ကာလမှ စတင်မိတ်ဆက်ခဲ့ပါသည်။

### စူးစမ်းလိုစိတ်ကို နှိုးဆွပေးမည့် အထွေထွေဗဟုသုတ မေးခွန်း (၅၀) စိန်ခေါ်မှု

စူးစမ်းလိုစိတ်ကို လှုံ့ဆော်ပေးခြင်းသည် အဖြေမှန်ကို မရမကရှာဖွေမည့် ပထမဆုံးခြေလှမ်းဖြစ်ကြောင်း ကျွန်ုပ်တို့ အပြည့်အဝ ယုံကြည်ပါသည်။ ဤအစီအစဉ်သည် လူငယ်များကို စာဖတ်ရန် အားပေးရုံမျှသာမက ၎င်းတို့ရရှိထားသော ဗဟုသုတများကို နားလည်သဘောပေါက်ရန်၊ ခွဲခြမ်းစိတ်ဖြာရန်နှင့် နှလုံးသွင်းမှတ်သားထားနိုင်ရန် စိန်ခေါ်ထားခြင်းဖြစ်ပါသည်။ ပြိုင်ပွဲတွင် မန်းရေနံမြေ ထိစပ်ကျေးရွာများရှိ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားလူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ရည်ရွယ်ပြီး၊ အထွေထွေဗဟုသုတ၊ သမိုင်း၊ ပထဝီဝင်၊ စာပေနှင့် အတွေးအခေါ်ယုတ္တိဗေဒဆိုင်ရာ စိတ်ဝင်စားဖွယ်ရာ ဉာဏ်စမ်းမေးခွန်း (၅၀) ကို မေးမြန်းခဲ့ပါသည်။ ပထမဆု (၂၅၀,၀၀၀) ကျပ်၊ ဒုတိယဆု (၂၀၀,၀၀၀) ကျပ်နှင့် တတိယဆု (၁၅၀,၀၀၀) ကျပ် အသီးသီး ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ကြောင်းလည်း ကြေညာခဲ့ပါသည်။ ပြိုင်ပွဲဝင်လူငယ်များအနေဖြင့် ၎င်းတို့၏ စာဖတ်စွမ်းရည်နှင့် သင်ယူမှုကို သက်သေပြရန်အတွက် လေ့လာဖြေဆိုခဲ့ကြပြီး၊ အဖြေလွှာများကို ၂၀၂၆ ခုနှစ်၊ ဧပြီလ (၂၄) ရက်နေ့ နောက်ဆုံးထား၍ စိတ်အားထက်သန်စွာဖြင့် ပါဝင်ပေးပို့ခဲ့ကြသည်ကို ဝမ်းမြောက်ဖွယ် မြင်တွေ့ခဲ့ရပါသည်။

### အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသူများနှင့် ဆုရရှိသူများကို ဂုဏ်ပြုခြင်း

ဆုရရှိမည့်သူများ မည်သူဖြစ်မည်ကို မျှော်လင့်စောင့်စားမှုမြင့်တက်နေခဲ့ပြီး ယခုအခါ ဒေသခံလူငယ် (၃၈) ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် အဆိုပါအစီအစဉ်၏ အဖြေလွှာများကို စေ့စပ်သေချာစွာ စစ်ဆေးအကဲဖြတ်မှု ပြီးစီးသွားခဲ့ပြီဖြစ်သည်။







စာမျက်နှာ - ၂၁



# စွမ်းရည်မြှင့်တင် နွေရာသီအစီအစဉ်



## ကလေး၊ လူငယ်နှင့် အမျိုးသမီးများအတွက် စွမ်းရည်မြှင့်တင်မှု သင်တန်းများ MPRL E&P ဖွင့်လှစ်သင်ကြား

မန်းရေနံမြေထိစပ်ကျေးရွာများရှိ ကလေးများ၊ လူငယ်များနှင့် အမျိုးသမီးများ၏ လူမှုဆက်ဆံရေး၊ မိမိကိုယ်ကိုယုံကြည်မှု၊ စိတ်ကူးဉာဏ်ကွန့်မြူးမှုနှင့် တွေးခေါ်ဖန်တီးနိုင်စွမ်းများ တိုးတက်လာစေရန်ရည်ရွယ်၍ အခမဲ့သင်ယူနိုင်မည့် စွမ်းရည်မြှင့်တင်မှုသင်တန်းများကို MPRL E&P ကုမ္ပဏီ၏ CSR အစီအစဉ်ဖြင့် ၂၀၂၆ ခုနှစ်၊ နွေရာသီကျောင်းပိတ်ရက်ကာလ (မတ်လမှ မေလအတွင်း) တွင် စီစဉ်ဖွင့်လှစ်ခဲ့သည်။

ယင်းသို့ ပံ့ပိုးရာတွင် အသက် (၆) နှစ်မှ (၁၂) နှစ်အတွင်းရှိ ကလေးငယ်များအတွက် အခြေခံပန်းချီရေးဆွဲနည်းသင်တန်းများ၊ ဒေသခံအမျိုးသမီးများအတွက် တစ်ပိုင်တစ်နိုင် အိမ်တွင်းစီးပွားဖြစ် ပန်းကြယ်သီးထိုးနည်းသင်တန်းနှင့် အဆင့်မြင့်ပညာများ ဆက်လက်သင်ယူမည့် လူငယ်များ၊ လုပ်ငန်းခွင်ဝင်မည့် အသက် (၁၆) နှစ်နှင့်အထက် လူငယ်များအတွက် အခြေခံကွန်ပျူတာသင်တန်း စသည်ဖြင့် သင်တန်းကဏ္ဍများ ခွဲခြားကာ စနစ်တကျ ဖွင့်လှစ်ပို့ချပေးခဲ့သည်။

### အခြေခံပန်းချီရေးဆွဲနည်းနှင့် မွမ်းမံသင်တန်း

မန်းရေနံမြေဒေသရှိ ကျောင်းသားလူငယ်များ နွေရာသီအားလပ်ရက်ကို အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် ပန်းချီ





သင်တန်းများကို ၂၀၂၆ ခုနှစ်၊ မတ်လ (၂၃) ရက်နေ့မှ မေလ (၀၆) ရက်နေ့အထိ ဖွင့်လှစ်ပို့ချခဲ့သည်။ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို မန်းကျိုးနှင့် မယ်ဘော့ကုန်းကျေးရွာတို့တွင် တန်းခွဲ (၂) ခုဖြင့် ဖွင့်လှစ်ခဲ့ရာ သင်တန်းသား စုစုပေါင်း (၃၁) ဦး တက်ရောက်ခဲ့ပြီး၊ အခြေခံပန်းချီရေးဆွဲနည်း (မွမ်းမံ) သင်တန်းကို ကြာကန်ကျေးရွာတွင် ဖွင့်လှစ်ခဲ့ရာ သင်တန်းသား (၁၈) ဦး တက်ရောက်အောင်မြင်ခဲ့သည်။

အဆိုပါသင်တန်းများတွင် ပန်းချီဆရာ ဦးမြင့်လှိုင်မင်း (ပန်းချီကိုမင်း-စကု) နှင့် အေးမြကျေးရွာနေ ဒေသခံပန်းချီဆရာ ဦးအောင်မောင်း (ပန်းချီပေတိုး) တို့က သင်ထောက်ကူပစ္စည်းအစုံအလင်ဖြင့် စာတွေ့လက်တွေ့ လေ့ကျင့်ခန်းများကို စနစ်တကျ သင်ကြားပို့ချပေးခဲ့သည်။

### တစ်ပိုင်တစ်နိုင် အိမ်တွင်းစီးပွားဖြစ် ပန်းကြယ်သီး ထိုးနည်းသင်တန်း

ဒေသခံအမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်၊ မိသားစုအပိုဝင်ငွေ ရှာဖွေနိုင်မည့်လမ်းစများ ဖော်ဆောင်ပေးရန်နှင့် ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်း အတတ်ပညာတစ်ရပ်ကို လက်တွေ့ကျကျ တတ်မြောက်စေရန် ရည်ရွယ်၍ လက်မှုပညာတစ်ရပ်ဖြစ်သည့် 'ပန်းကြယ်သီးထိုးနည်းသင်တန်း' ကို ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါသင်တန်းကို နန်းဦးကျေးရွာ လူထုအခြေပြုဇဟိုဌာနတွင် ၂၀၂၆ ခုနှစ်၊ ဧပြီလ (၀၄) ရက်နေ့မှ မေလ (၀၃) ရက်နေ့အထိ အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့များတွင် ပို့ချခဲ့သည်။ သင်တန်းတွင် ပန်းကြယ်သီးဒီဇိုင်းမျိုးစုံထိုးနည်းများကို အခြေခံမှစ၍ လက်တွေ့အသုံးချနိုင်သည်အထိ သင်ကြားပေးခဲ့ပြီး မန်းရေနံမြေဒေသခံ အမျိုးသမီး (၁၅) ဦး တက်ရောက်သင်ယူခဲ့ကာ ၎င်းတို့အတွက် ကိုယ်ပိုင်ဝင်ငွေလမ်းကြောင်း ရှာဖွေနိုင်ရေးကို ထိရောက်စွာ ပံ့ပိုးကူညီပေးနိုင်ခဲ့သည်။

### အခြေခံကွန်ပျူတာသင်တန်း

အခြေခံကွန်ပျူတာသင်တန်းကို အေးမြကျေးရွာလူထုအခြေပြုဇဟိုဌာနတွင် ၂၀၂၆ ခုနှစ်၊ မတ်လ (၁၅) ရက်နေ့မှ မေလ (၁၈) ရက်နေ့အထိ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖွင့်လှစ်ပို့ချခဲ့သည်။ MPRL E&P ၏ CSR အစီအစဉ်ဖြင့် စီစဉ်ဆောင်ရွက်သည့် ဤသင်တန်းကို MCC Computer Training Center (Minbu) မှ သင်တန်းဆရာဖြစ်ပြီး မြန်မာနိုင်ငံကွန်ပျူတာအသင်း၏ အလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦး



စာမျက်နှာ - ၉ ▶

စာမျက်နှာ - ၈ မှ အဆက်

ဖြစ်သည့် ဦးသော်တာဇော်က အခြေခံကျကျ ထိထိမိမိ လေ့ကျင့်သင်ကြားပေးခဲ့သည်။ သင်တန်းတွင် ကွန်ပျူတာအကြောင်း သိကောင်းစရာများ၊ Windows နှင့် အင်တာနက်အသုံးပြုပုံ၊ Microsoft Word၊ Excel၊ PowerPoint နှင့် Adobe PageMaker အသုံးပြုနည်းတို့ကို စနစ်တကျ သင်ကြားပို့ချခဲ့ရာ ဒေသခံလူငယ် (၁၃) ဦး တက်ရောက်သင်ယူခဲ့ပါသည်။



## သင်တန်းဆင်းပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးစီး

သင်တန်းများ အောင်မြင်စွာပြီးစီးသည့် အထိမ်းအမှတ်အဖြစ် သင်တန်းဆင်းပွဲအခမ်းအနားကို ၂၀၂၆ ခုနှစ်၊ မေလ (၁၆) ရက်နေ့တွင် အောက်ကျောင်းဘုရားကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့သည်။ အခမ်းအနားသို့ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ၊ မိဘများနှင့် CSR လုပ်ငန်းအဖွဲ့ဝင်များ အပါအဝင် စုစုပေါင်း (၁၃၀) ဦးခန့် တက်ရောက်ခဲ့ကြသည်။ သင်တန်းဆင်းပွဲတွင် ပန်းချီသင်တန်းဆင်းကလေးငယ်များ၏ ပန်းချီလက်ရာများနှင့် ပန်းကြယ်သီးထိုးသင်တန်းသူများ၏ ဖန်တီးမှုလက်ရာများကို အနုပညာပြပွဲငယ်အသွင် ခင်းကျင်းပြသခဲ့ရာ တက်ရောက်လာသူ မိဘများနှင့် ဧည့်သည်တော်များ၏ စိတ်ဝင်စားမှုနှင့် ချီးကျူးဂုဏ်ပြုမှုများကို များစွာရရှိခဲ့သည်။





အခမ်းအနားတွင် သင်တန်းသားသင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည့်အပြင် သင်တန်းအလိုက် ကြိုးစားအားထုတ်ခဲ့ကြသော ထူးချွန်သင်တန်းသားများကိုလည်း ဂုဏ်ပြုဆုများ ရွေးချယ်ချီးမြှင့်ခဲ့သည်။ အခြေခံကွန်ပျူတာသင်တန်းမှ ထူးချွန်လူငယ် (၃) ဦး၊ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းမှ ထူးချွန်ကလေးငယ် (၃) ဦး၊ အခြေခံပန်းချီရေးဆွဲနည်း (မွမ်းမံ) သင်တန်းမှ ထူးချွန်သူ (၃) ဦးနှင့် ပန်းကြယ်သီးထိုးနည်းသင်တန်းမှ အကောင်းဆုံးနှင့် အထူးချွန်ဆုံး ဖန်တီးမှုလက်ရာရှင် (၃) ဦးတို့ကို ပထမ၊ ဒုတိယနှင့် တတိယဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

MPRL E&P အနေဖြင့် ယခုနွေရာသီသင်တန်း အစီအစဉ်များကို ဒေသခံများ၏ စွမ်းရည်မြှင့်တင်ရေးကဏ္ဍတစ်ရပ်အဖြစ် သက်ဆိုင်ရာဒေသခံအဖွဲ့အစည်းများ၊ ကျွမ်းကျင်





သင်တန်းနည်းပြများနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ သင်တန်းကာလတစ်လျှောက်လုံးတွင်လည်း CSR လုပ်ငန်းအဖွဲ့ဝင်များက အနီးကပ်ကြီးကြပ်၍ လိုအပ်သည်များကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပံ့ပိုးပေးခဲ့သည်။ ■

---

စာမျက်နှာ - ၃ မှ အဆက်

ဒေသခံတောင်သူများတက်ရောက်ခဲ့ကြပြီး ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်၍လည်းကောင်း၊ မြေဆီလွှာထိန်းသိမ်းခြင်းနည်းလမ်းများကိုလည်းကောင်း သေချာစွာ သင်ကြားလေ့လာခွင့်ရရှိခဲ့ကြပါသည်။

မြေ၊ မျိုး၊ ပိုး၊ ရိတ်သိမ်းချိန်နှင့် ရာသီဥတုအကြောင်းများနှင့်ထုံးသုံး၍ မြေချဉ်ငံဓာတ် (pH) ပြုပြင်ခြင်း၊ ကန့်၊ ဆားခါးသုံးစွဲခြင်း၊ သဘာဝမြေဩဇာဖော်စပ်နည်းများ၊ ဓာတ်မြေဩဇာစနစ်တကျ သုံးစွဲနည်းများ၊ မျိုးစေ့သန့်စင်နည်းများ၊ မိတ်ဆွေပိုးနှင့်ဖျက်ပိုးများအကြောင်းစသော စိုက်ပျိုးရေးနှင့်ပတ်သက်သော ဗဟုသုတများကို သေချာစွာ ရှင်းလင်းသင်ကြားပေးခဲ့ပါသည်။ တောင်သူများအနေဖြင့် လိုက်နာကျင့်သုံးခြင်းဖြင့် ရာသီဥတုဖောက်ပြန်မှုဒဏ်ကို လျှော့ချနိုင်ပြီး သီးနှံအထွက်နှုန်းတိုးတက်စေရန် များစွာအထောက်အကူပြုမည်ဖြစ်ပါသည်။ အီးအမ်ဖျော်စပ်နည်းနှင့် သဘာဝပိုးသတ်ဆေး ပြုလုပ်နည်းများ၊ နွားသေးအစွမ်းထက်ပုံ၊ အသီးအပွင့်အားဆေးပြုလုပ်နည်း၊ ငါးအမိုင်နိုအက်ဆစ်ပြုလုပ်ခြင်း၊ မြေဆီလွှာချဉ်ငံတိုင်းတာခြင်း၊ NPK တိုင်းတာခြင်းများကိုပါ လက်တွေ့သရုပ်ပြသင်ကြားပေးခဲ့သဖြင့် ဒေသခံတောင်သူများ အလွန်ကျေနပ်အားရမှုရှိခဲ့ကြပါသည်။

MPRL E&P (CSR အစီအစဉ်) ၏ စိုက်ပျိုးရေးအသိပညာပေးဆွေးနွေးပွဲသင်တန်းများမှရရှိသော အသိအမြင်များကို အသုံးချ၍ သဘာဝမြေဩဇာများ ပြုလုပ်သုံးစွဲလာနိုင်ခြင်း၊ ဓာတုဗေဒဆေးသုံးစွဲမှု လျှော့ချလာနိုင်ခြင်း၊ မြေဆီလွှာပြန်လည်ကောင်းမွန်လာစေခြင်း၊ ထုတ်လုပ်သမျှ ကုန်ပစ္စည်းများကို လွယ်ကူလျင်မြန်စွာ ရောင်းချနိုင်သဖြင့် ထိုက်သင့်သောဈေးနှုန်းများ ရရှိခြင်းတို့ကြောင့် မိသားစုစီးပွားရေး တိုးတက်လာစေပါသည်။ ရာသီဥတုဖောက်ပြန်မှုနှင့် လိုက်လျောညီထွေဖြစ်သော စိုက်ပျိုးရေးစနစ်ကို ပြောင်းလဲကျင့်သုံးခြင်းနှင့် ကုန်ကျစရိတ်သက်သာသော စိုက်ပျိုးရေးစနစ်များ ဖွံ့ဖြိုးတိုးတက်လာခြင်းတို့ကြောင့် ကျွန်တော်တို့တောင်သူများ တိုးတက်ကြီးပွားလာကြမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်ပါသည်။ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးမှသာလျှင် တောင်သူလယ်သမားများ ချမ်းသာ၍ နိုင်ငံချမ်းသာမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် “နိုင်ငံတော်မှ လယ်ကွင်းဆီ၊ လယ်ကွင်းမှသည် ဈေးကွက်ဆီသို့” ဟူသော စိုက်ပျိုးရေးဆိုင်ရာမူဝါဒများချမှတ်၍ ဆောင်ရွက်လျက်ရှိပါသည်။ MPRL E&P ၏ CSR အစီအစဉ်သည် အဆိုပါစိုက်ပျိုးရေးမူဝါဒများနှင့်အညီ မန်းရေနံမြေ ဒေသခံတောင်သူများအတွက် ဟင်းစားပေးရုံမဟုတ် ကွန်ချက်ပါပြ၍ ကူညီထောက်ပံ့ပေးလျက်ရှိပါသည်။ ထို့မျှသာမက ထိစပ်ကျေးရွာ (၁၄) ရွာအတွက် ကျန်းမာရေး၊ စာကြည့်တိုက်နှင့် ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေး၊ ရေရရှိရေး၊ မီးလင်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း မပြတ်ပံ့ပိုးဆောင်ရွက်ပေးခဲ့သဖြင့် MPRL E&P ၏ CSR အစီအစဉ်အား ဒေသခံပြည်သူလူထုကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။ ■




# ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် (မင်းဘူး) တွင် MPRL E&P ၏ မန်းရေနံမြေပြခန်း ပါဝင်ပြသ

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် "ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်" ကို ၂၀၂၆ ခုနှစ်၊ ဇွန်လ (၂၀) ရက်နေ့တွင် မင်းဘူးခရိုင်၊ မင်းဘူးမြို့၊ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပပြုလုပ်ခဲ့ရာ၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) နှင့်အတူ MPRL E&P ကုမ္ပဏီသည်လည်း မန်းရေနံမြေပြခန်းကို ပါဝင်ဖွင့်လှစ်ပြသခဲ့သည်။

ပြခန်းအတွင်း မန်းရေနံမြေ၏ ရေနံတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းဆောင်ရွက်မှု ပုံစံငယ်များနှင့် ပိုစတာများ၊ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး (HSE) လုပ်ငန်းစဉ်များ၊ လူမှုတာဝန်သိမှု (CSR) လုပ်ငန်းဆောင်ရွက်မှုပြပိုစတာများ၊ သတင်းလွှာများ၊ လက်ကမ်းစာစောင်များနှင့် အစီရင်ခံစာများကို ခင်းကျင်းပြသခဲ့သည်။ ထို့ပြင် OGM အသိပညာပေးရုပ်ပြစာအုပ်များနှင့် ဆေးရောင်ခြယ်စာအုပ်များကိုလည်း ထည့်သွင်းပြသခဲ့ကာ စိတ်ပါဝင်စားသူများနှင့် ပွဲတက်ရောက်သူများ သိရှိလိုသည်များကို ပြခန်းတာဝန်ခံများက ရှင်းလင်းပြောကြားပေးခဲ့သည်။












ထို့ပြင် ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်စွာလေ့လာနိုင်ရန်အတွက် ဆေးရောင်ခြယ်စာအုပ်များတွင် ကိုယ်တိုင်ပါဝင်ဆေးရောင်ခြယ်သစေခြင်းနှင့် အရုပ်ဆက် (Puzzle) ကစားနည်းပြိုင်ပွဲများ ကျင်းပပေးခဲ့ပြီး လျင်မြန်စွာပြီးစီးသူများကို ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ ယင်းအပြင် ပွဲတော်သို့ လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများအတွက် မုန့်နှင့်ရေသန့်များ ဝေငှလှူဒါန်းနိုင်ရန် MPRL E&P ၏ CSR အစီအစဉ်ဖြင့် အလှူငွေကျပ် (၂,၀၀၀,၀၀၀/) ကို မင်းဘူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့သည်။






အဆိုပါ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသားလူငယ်များ စာအုပ်စာပေကို ပိုမိုလေ့လာဖတ်ရှုနိုင်စေရန်နှင့် ဖတ်ရှုခြင်းမှရရှိသည့် အသိပညာဗဟုသုတများကို ပြန်လည်မျှဝေအသုံးချနိုင်စေရန် ရည်ရွယ်ကျင်းပသည့် ယခုပွဲတော်သို့ မင်းဘူးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ (၂,၀၀၀) ခန့် ပါဝင်ဆင်နွှဲခဲ့ကြသည်။

MPRL E&P ကုမ္ပဏီအနေဖြင့်လည်း ကျောင်းသားလူငယ်များ၏ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏ ပညာရေးမြှင့်တင်ရေးလုပ်ငန်းများတွင် ယခုကဲ့သို့ စဉ်ဆက်မပြတ် တစ်ဖက်တစ်လမ်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ■

















# စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုအသိပညာဖြင့် ရေရှည်တည်တံ့သော လူမှုအသိုင်းအဝိုင်းများ တည်ဆောက်ခြင်း



ယနေ့ခေတ်တွင် လူဦးရေတိုးပွားလာခြင်း၊ မြို့ပြပုံစံပြောင်းလဲလာခြင်းနှင့် လူနေမှုပုံစံသစ်များကြောင့် နေ့စဉ်ထွက်ရှိသော စွန့်ပစ်အမှိုက်ပမာဏသည် တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးပွားလာနေပါသည်။ မိမိတို့၏ အိမ်တွင်း၊ ကျေးရွာတွင်းမှ ထွက်ရှိသည့်အမှိုက်များကို စနစ်တကျ စီမံခန့်ခွဲနိုင်ခြင်း မရှိပါက ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ရောဂါဘယထူပြောမှုနှင့် သဘာဝဂေဟစနစ် ပျက်စီးမှုများကဲ့သို့သော ဆိုးကျိုးများကို မလွဲမသွေရင်ဆိုင်ရမည်ဖြစ်သည်။ ထို့ကြောင့် "စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု (Waste Management)" သည် သန့်ရှင်းကျန်းမာပြီး ရေရှည်တည်တံ့သော လူမှုအသိုင်းအဝိုင်းများ တည်ဆောက်ရာတွင် မရှိမဖြစ်လိုအပ်သည့် အဓိကသော့ချက်တစ်ခု ဖြစ်လာပါသည်။

## အမှိုက်အမျိုးအစားများကို စနစ်တကျခွဲခြားခြင်း

နေ့စဉ်ဘဝမှထွက်ရှိသော အမှိုက်များကို နည်းလမ်းမှန်ကန်စွာ စီမံခန့်ခွဲနိုင်ရန် အိမ်ထောင်စုအဆင့်မှစ၍ အောက်ပါအတိုင်း အမျိုးအစား (၄) မျိုး ခွဲခြားသိရှိထားရန် လိုအပ်ပါသည်။

- **ဆွေးမြေ့လွယ်သောအမှိုက် (Organic Waste)**

  ဟင်းသီးဟင်းရွက်နှင့် အစားအသောက်အကြွင်းအကျန်များ၊ သစ်ရွက် စသည်တို့ဖြစ်ပြီး သဘာဝအတိုင်းဆွေးမြေ့ပျက်စီးနိုင်ကာ သဘာဝမြေဆွေး (Compost) ပြုလုပ်ရန် အကောင်းဆုံးဖြစ်သည်။

- **ဆွေးမြေ့မလွယ်သောအမှိုက် (Non-biodegradable Waste)**

  ပလတ်စတစ်၊ ဖန်ဘူး၊ သံဘူးနှင့် ရာဘာတို့ပါဝင်ပြီး ဆွေးမြေ့ရန် နှစ်ပေါင်းများစွာ ကြာမြင့်တတ်သဖြင့် စနစ်တကျစွန့်ပစ်ရန် လိုအပ်သည်။

- **အန္တရာယ်ရှိသောအမှိုက် (Hazardous Waste)**

  ဘက်ထရီ၊ ဓာတုပစ္စည်းများ၊ ဆေးရုံသုံးအမှိုက်နှင့် ရက်လွန်ဆေးဝါးများသည် လူနှင့်ပတ်ဝန်းကျင်ကို အဆိပ်အတောက်ဖြစ်စေနိုင်သဖြင့် သီးသန့်ခွဲခြားစွန့်ပစ်ရမည်။

- **ပြန်လည်အသုံးပြုနိုင်သောအမှိုက် (Recyclable Waste)**

  စက္ကူ၊ ပလတ်စတစ်နှင့် ဖန်ပုလင်း စသည်တို့ကို ပြန်လည်ပြုပြင်ထုတ်လုပ်ပြီး တန်ဖိုးရှိပစ္စည်းများအဖြစ် ပြောင်းလဲနိုင်သည်။

## အုပ်စုငယ်များဖွဲ့၍ အသိပညာပေးဆွေးနွေးခြင်း၏ ထိရောက်မှု

ကျေးလက်ဒေသများနှင့် လူနေရပ်ကွက်များတွင် စွန့်ပစ်အမှိုက်ပြဿနာကို ထိရောက်စွာဖြေရှင်းရန် အိမ်ထောင်စုများအကြား အုပ်စုငယ်များဖွဲ့၍ ဆွေးနွေးခြင်း (Small Group Discussions) သည် အလွန်ထိရောက်သော ချဉ်းကပ်မှုတစ်ခုဖြစ်သည်။ ယင်းသို့ အပြန်အလှန် ဆွေးနွေးစေခြင်းက မိမိတို့ကျေးရွာ၊ ရပ်ကွက်အတွင်း လက်တွေ့ကြုံတွေ့နေရသော အမှိုက်ပြဿနာများကို ပွင့်လင်းမြင်သာစွာ ဖော်ထုတ်နိုင်ရုံသာမက၊ အိမ်တွင်း၌ လက်တွေ့ကျင့်သုံးနိုင်မည့် 3Rs စနစ် (Reduce – လျှော့ချခြင်း၊ Reuse – ပြန်လည်အသုံးပြုခြင်း၊ Recycle – ပြန်လည်ဆန်းသစ်ထုတ်လုပ်ခြင်း) ကိုပါ ပိုမိုနားလည်သဘောပေါက်စေပါသည်။



ထို့ပြင် အိမ်ထောင်စုများအနေဖြင့် အမှိုက်ပုံးများကို သီးသန့်ခွဲခြားထားရှိခြင်း၊ တစ်ခါသုံး ပလတ်စတစ်များ လျှော့ချ၍ ချည်ထည်အိတ်များကို အစားထိုးသုံးစွဲခြင်း၊ လေထုညစ်ညမ်းမှုနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ကာကွယ်ရန် အမှိုက်များကို မီးမရှို့ခြင်း အစရှိသည်တို့ကို လက်တွေ့စတင် လုပ်ဆောင်နိုင်ပါသည်။ မိမိတို့၏ ရင်သွေးငယ်များကိုလည်း သန့်ရှင်းရေး အလေ့အကျင့်ကောင်းများ ငယ်စဉ်ကတည်းက ပျိုးထောင်ပေးခြင်းဖြင့် အမှိုက်စီမံခန့်ခွဲမှုကို အိမ်တွင်းမှစ၍ အကောင်အထည်ဖော်နိုင်ပါသည်။ ထိုမှတစ်ဆင့် ရပ်ကွက်၊ ကျေးရွာအတွင်း စုပေါင်းလုပ်ဆောင်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားမှုများတွင် တက်ကြွစွာပါဝင်လာစေပြီး တာဝန်ယူမှုရှိသော မျိုးဆက်သစ်လူငယ်များကိုပါ မွေးထုတ်ပေးနိုင်မည် ဖြစ်ပါသည်။

## MPRL E&P ၏ အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ မြေပြင်လက်တွေ့လှုပ်ရှားမှုများ

MPRL E&P သည် မန်းရေနံမြေဒေသ ထိစပ်ကျေးရွာများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စွန့်ပစ်အမှိုက်ကင်းစင်ရေးနှင့် ရပ်ရွာသာယာလှပရေးတို့အတွက် ၂၀၁၉ ခုနှစ်မှ စတင်၍ "ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းစနစ်" ကို အကောင်အထည်ဖော်ကာ ပုံမှန်စောင့်ကြည့်ပံ့ပိုးပေးလျက်ရှိပါသည်။ စနစ်တကျ အမှိုက်ကောက်ယူခြင်းအလေ့အကျင့်ကောင်းများရရှိစေရန် Trash Hero Minbu နှင့် ပူးပေါင်းကာ ထိစပ်ကျေးရွာများတွင် လစဉ်အမှိုက်ကောက်အစီအစဉ်နှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို တစိုက်မတ်မတ် ပံ့ပိုးဆောင်ရွက်နေပါသည်။

ထို့ပြင် အမှိုက်ကို စနစ်တကျခွဲခြားပြီး တန်ဖိုးရှိသော မြေသြဇာအဖြစ် ပြန်လည်ရရှိစေမည့် "ကျေးရွာလူထုစီမံခန့်ခွဲသော ဆွေးမြေ့မြေသြဇာစီမံကိန်း" ကို မန်းကျိုး၊ နန်းဦးနှင့် ပေါက်ကုန်းကျေးရွာတို့တွင် ၂၀၂၅ ခုနှစ်မှစ၍ အောင်မြင်စွာ





စာမျက်နှာ - ၁၇ ▶



# မီးဖိုချောင်ထွက်အမှိုက်များကို စနစ်တကျ မြေဆွေးပြုလုပ်သုံးစွဲခြင်း

ယနေ့အချိန်တွင် ကောင်းမွန်မှန်ကန်သော အမှိုက်စွန့်ပစ်မှု အလေ့အကျင့်များကို မြို့ပြနှင့်ကျေးလက်နေ ပြည်သူများ အကြား ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးလျက်ရှိပါသည်။ အမှိုက်များကို အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်အမှိုက် နှင့် အန္တရာယ်ရှိသော အမှိုက်ဟူ၍ လေးမျိုးခွဲခြားသတ်မှတ် ထားပါသည်။ အမှိုက်စိုအမျိုးအစားတွင် နေ့စဉ်မီးဖိုချောင် မှ ထွက်ရှိသည့် ဟင်းသီးဟင်းရွက်နှင့် အသီးအနှံအခွံများ၊ အသားငါးအရိုးများ၊ ကြက်ဥဘဲဥအခွံများ၊ သစ်ရွက်ခြောက် များနှင့် စားကြွင်းစားကျန်များ ပါဝင်ပါသည်။ ယခုအမှိုက်စို အမျိုးအစားဖြစ်သော စားကြွင်းစားကျန်အမှိုက်များအား စနစ် တကျ ခွဲခြားစုဆောင်းလျက် တစ်နိုင်တစ်ပိုင် သဘာဝမြေဆွေး ပြုလုပ်နိုင်သည့် နည်းလမ်းများကို တင်ပြသွားပါမည်။

အသား၊ ထမင်းနှင့် အဆီပါဝင်သော စားကြွင်းစားကျန်အမှိုက် များကို မြေဆွေးပြုလုပ်ရာတွင် နည်းစနစ်မှန်ကန်စွာ မလုပ် ဆောင်နိုင်ပါက ပိုးမွှားများပေါက်ဖွား၍ အနံ့ဆိုးများ ဖြစ်ပေါ် စေနိုင်ပါသည်။ အသားနှင့် အဆီပါသော အစားအစာများ သည် ဆွေးမြေ့ရန် မလွယ်ကူသဖြင့်၊ ၎င်းတို့အား ဘေးကင်း စွာ ဆွေးမြေ့စေရန်အတွက် "အပူပါဝင်သော မြေဆွေးပြုလုပ် ခြင်း" (သို့မဟုတ်) "အပူချိန်နှင့် စိုထိုင်းဆကို ထိန်းသိမ်း၍ မြေ ဆွေးပြုလုပ်ခြင်း" နည်းလမ်းကို အသုံးပြုနိုင်ပါသည်။

ထို့ပြင် မီးဖိုချောင်ထွက်အမှိုက်များကို ဖုံးအုပ်မထားပါက တိရစ္ဆာန်များနှင့် အင်းဆက်ပိုးမွှားများ ရောက်လာနိုင်ပြီး အနံ့အသက်ဆိုးများနှင့် ရောဂါပိုးများ ပေါက်ပွားစေနိုင်သော ကြောင့် ဖုံးအုပ်မထားသည့် မြေဆွေးပုံပြုလုပ်ခြင်းကို ရှောင် ကြဉ်ရမည် ဖြစ်ပါသည်။

ထို့ကြောင့် စားကြွင်းစားကျန်များကို မြေဆွေးပြုလုပ်ရာတွင်

၁။ ကြွက်နှင့် ယင်ကောင်များ မဝင်နိုင်သော ဖုံးအုပ် စရာပါသည့် မြေဆွေးပုံး၊

၂။ အပူကိုထိန်းနိုင်သည့် မြေဆွေးပုံး (သို့မဟုတ်)

၃။ "ဘိုကာရှီ" စနစ် (အောက်ဆီဂျင်မလိုအပ်သော အချဉ်ဖောက်သည့် နည်းလမ်း) တို့ကို အသုံးပြုရ မည်ဖြစ်ပါသည်။

## အမှိုက်အမျိုးအစားခွဲခြားခြင်းနှင့် မြေဆွေးအလွှာ ပြုလုပ်ခြင်း

ပထမဦးစွာ မြေဆွေးပြုလုပ်မည့်အမှိုက်များကို မှန်ကန်စွာ ရွေးချယ်ပြီး ခွဲခြားသိမ်းဆည်းရန် လိုအပ်ပါသည်။

စားကြွင်းစားကျန်များတွင် နိုက်ထရိုဂျင်ပါဝင်မှု များလွန်း ပါက ပုပ်သိုးမှု မြန်ဆန်ပြီး စိုထိုင်းဆများလာကာ အနံ့ဆိုး များထွက်ပေါ်နိုင်သည်။ ၎င်းတို့ကို ထိန်းညှိရန် ကာဗွန်ဓာတ် ကြွယ်ဝသော "အညိုရောင်" ပစ္စည်းများ ထည့်ပေးရန် လိုအပ်ပါ သည်။ သစ်ရွက်ခြောက်များ၊ သစ်သားမှုန့်/ လွှစာမှုန့်၊ စက္ကူ/ ကတ္တူပုံးအပိုင်းအစများ၊ ကောက်ရိုး (သို့မဟုတ်) စပါးခွံ အစ ရှိသော "အညိုရောင်" ပစ္စည်းများသည်



- စိုထိုင်းဆကို စုပ်ယူပေးပြီး အမှိုက်ပုံကို မစိုလွန်းစေ ခြင်း၊
- လေဝင်လေထွက်ကောင်းစေ၍ ပုပ်သိုးအနံ့ လျော့ နည်းစေခြင်း၊
- ကာဗွန်နှင့် နိုက်ထရိုဂျင် အချိုးညီစေပြီး ဆွေးမြေ့မှု ကို သဘာဝအလျောက် ဖြစ်စေခြင်း တို့ကို ကူညီပေး ပါသည်။







ဒုတိယအဆင့်အနေဖြင့် နိုက်ထရိုဂျင်နှင့် ကာဗွန်အချိုးအဆ မျှတသော မြေဆွေးအလွှာများကို စနစ်တကျ ရောစပ်ပြုလုပ် ရန်လိုအပ်ပါသည်။ ဦးစွာ စားကြွင်းစားကျန်အမှိုက် (၁) ဆနှင့် "အညိုရောင်" ပစ္စည်း (၂) ဆ အချိုးဖြင့် ရောစပ်ပါ။ ယင်းနောက် အောက်ခြေတွင် လေဝင်လေထွက်ကောင်းစေရန် "အညို ရောင်" ပစ္စည်းများဖြင့် အလွှာပြုလုပ်ပါ။ စားကြွင်းစားကျန် အမှိုက်များနှင့် "အညိုရောင်" ပစ္စည်းများကို အလွှာလိုက် ထည့် သွင်းပါ။ အနံ့နှင့် ပိုးမွှားများ မဝင်ရောက်နိုင်ရန် အပေါ်ဆုံးတွင် "အညိုရောင်" ပစ္စည်းများဖြင့် ကောင်းစွာဖုံးအုပ်ပေးပါ။

## အပူချိန်မြင့်မားစွာထိန်းသိမ်းခြင်းနည်းလမ်းဖြင့် မြေဆွေးပြုလုပ်ခြင်း

အသားနှင့် အဆီများကို ဘေးကင်းစွာ ဆွေးမြေ့စေရန်အတွက် မြေဆွေးပုံအတွင်း အပူချိန်လုံလောက်စွာ (၅၅°C/ ၁၃၁°F) ရောက်ရှိသည့်တိုင်အောင် ရက်အနည်းငယ်ကြာ ထိန်းထား နိုင်ရန် လိုအပ်ပါသည်။ အပူချိန်မြင့်မားစေရန် မြေဆွေးအစု ကို အနည်းဆုံး (၃) ပေ x (၃) ပေ အရွယ်အစားရှိအောင် ပြု လုပ်ခြင်း၊ (၅) ရက်မှ (၇) ရက်ခန့်လျှင် တစ်ကြိမ်ခန့် မြေဆွေး ပုံကို ပုံမှန်အထက်အောက်လှည့်ပေးခြင်း၊ အပူချိန်ကို မြေဆွေး အပူချိန်တိုင်းကိရိယာဖြင့် တိုင်းတာစောင့်ကြည့်ခြင်း အစရှိ သည်တို့ ဆောင်ရွက်နိုင်ပါသည်။

တစ်ချိန်တည်းတွင် မြေဆွေးပုံ၏ စိုထိုင်းဆနှင့် အနံ့ကို ထိန်း ညှိဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ မြေဆွေးအစုသည် ရေ ညှစ်ထားသော ရေမြှုပ်ကဲ့သို့ စိုထိုင်းဆရှိရမည်ဖြစ်ပြီး အနံ့ဆိုး ထွက်ပါက "အညိုရောင်" ပစ္စည်းများ ထပ်ထည့်ပြီး မွှေပေး သွားရန်လိုပါသည်။ အလွန်စိုနေပါက စက္ကူစများ (သို့မဟုတ်) ခြောက်သွေ့သော မြေကြီးများ ထည့်ပေးသင့်ပါသည်။

(၆) ပတ်မှ (၁၂) ပတ်အကြာတွင် အပူချိန်ကျဆင်းပြီး၊ မြေဆွေး သည် အမည်းရောင်ဖြစ်နေပြီး မွမွကြေကာ မြေကြီးကဲ့ သို့ အနံ့ရှိပါသည်။ အောင်မြင်စွာပြုလုပ်ပြီးစီးသော ထိုမြေ ဆွေးကို ဘေးကင်းစွာ စတင်အသုံးပြုနိုင်ပြီဖြစ်ပါသည်။

စာမျက်နှာ - ၁၉

# မြန်မာ့စီးပွားရေးစနစ် တိုးတက်ပြောင်းလဲမှုများနှင့် စိုက်ပျိုးရေးကဏ္ဍ



MPRL E&P အနေနှင့် မန်းရေနံမြေထိစပ်ကျေးရွာများတွင် နေထိုင်သည့် တောင်သူငယ်များအတွက် လိုအပ်သော စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ပံ့ပိုးကူညီမှုများကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိထားပြီးဖြစ်ပါသည်။ ထိုသို့သော ပံ့ပိုးကူညီမှုများကို ကုမ္ပဏီ၏ Corporate Social Responsibility (CSR) အစီအစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး ဒေသခံတောင်သူများ၏ အသက်မွေးဝမ်းကျောင်းတိုးတက်ရေးကိုသာမက ကျေးလက်ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ အရေးပါသော အထောက်အပံ့များဖြစ်လာနေပါသည်။ ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်းသည် မြန်မာနိုင်ငံ၏ လူမှုစီးပွားဘဝနှင့် နီးကပ်စွာ ဆက်နွယ်နေသည့် ကဏ္ဍတစ်ခုဖြစ်သည့်အတွက် ယင်းကဏ္ဍကို ပံ့ပိုးမြှင့်တင်ခြင်းသည် နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုက်ရိုက်ဆက်စပ်နေပါသည်။

မြန်မာနိုင်ငံသည် နှစ်ပေါင်းများစွာ စိုက်ပျိုးရေးအခြေပြုစီးပွားရေးစနစ်ပေါ်တွင် ရပ်တည်လာခဲ့သော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ကျေးလက်ဒေသများတွင် နေထိုင်သည့် ပြည်သူအများစု၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းသည် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သဘာဝအရင်းအမြစ်များအပေါ် အဓိကမှီခိုနေကြပါသည်။ ယနေ့ခေတ်တွင် နိုင်ငံ၏ စီးပွားရေးစနစ်သည် တဖြည်းဖြည်း ပြောင်းလဲလာနေသော်လည်း စိုက်ပျိုးရေးကဏ္ဍ၏ အရေးပါမှုမှာ လျော့နည်းသွားခြင်းမရှိသေးဘဲ နိုင်ငံသူ၊ နိုင်ငံသားများအတွက် အဓိကအလုပ်အကိုင်ပေးနိုင်သည့်ကဏ္ဍအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်ပါသည်။

၂၀၂၅ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ အလုပ်အကိုင်ဖွဲ့စည်းပုံကို လေ့လာကြည့်ပါက နိုင်ငံ၏ စီးပွားရေးစနစ်သည် စိုက်ပျိုးရေးမှ စက်မှုနှင့်ဝန်ဆောင်မှုကဏ္ဍများသို့ တဖြည်းဖြည်း ပြောင်းရွှေ့လာနေကြောင်း တွေ့မြင်နိုင်ပါသည်။ International Labour Organization (2026) ၏ Modelled Estimates အရ စိုက်ပျိုးရေး၊ သစ်တောနှင့် မွေးမြူရေးလုပ်ငန်းများပါဝင်သည့် စိုက်ပျိုးရေးကဏ္ဍသည် ၂၀၂၅ ခုနှစ်တွင် စုစုပေါင်းအလုပ်အကိုင်၏ ခန့်မှန်းခြေ ၄၄-၄၅ ရာခိုင်နှုန်းအတွင်းရှိနေပြီး ယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက အနည်းငယ်ကျဆင်းလာကြောင်း ပြသနေပါသည်။ World Bank (2026) ၏ ILO Modelled Data အရလည်း မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးအလုပ်အကိုင်အချိုးအဆသည် ရေရှည်တွင် ဆက်လက်ကျဆင်းလာသော်လည်း အလုပ်အကိုင်အများဆုံး ပေးနေသည့်ကဏ္ဍအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်ပါသည်။

၁၉၉၁ ခုနှစ်တွင် စိုက်ပျိုးရေးကဏ္ဍ၏ အလုပ်အကိုင်ရာခိုင်နှုန်းမှာ (၇၀) ရာခိုင်နှုန်းကျော်အထိ ရှိခဲ့သော်လည်း ယနေ့တွင် သိသိသာသာ လျော့နည်းသည်။ StatBase (2026) ၏ ILO-Based Historical Dataset အရ ယင်းကျဆင်းမှုသည် မြန်မာနိုင်ငံ၏ စီးပွားရေးစနစ်တွင် အပြောင်းအလဲများ (Structural Transformation) ဖြစ်ပေါ်နေကြောင်း ထင်ဟပ်စေသည်။ ထိုအချက်သည် စီးပွားရေးကဏ္ဍများ ကွဲပြားလာခြင်း (Diversification) ကို ဖော်ပြနေသည်။

တစ်ဖက်တွင် စက်မှုကဏ္ဍ၏ အလုပ်အကိုင်ရာခိုင်နှုန်းမှာ တဖြည်းဖြည်း တိုးတက်လာနေပြီး ၂၀၂၅ ခုနှစ်တွင်လည်း (၁၈) ရာခိုင်နှုန်းဝန်းကျင်သို့ ရောက်ရှိနေပါသည်။ ၁၉၉၀ ခုနှစ်အစောပိုင်းကာလများနှင့် နှိုင်းယှဉ်ပါက ဤကိန်းဂဏန်းသည် နိုင်ငံ၏ ကုန်ထုတ်လုပ်မှု၊ ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံကဏ္ဍများ ဖွံ့ဖြိုး တိုးတက်လာခြင်းကို ပြသနေသည်။

ဝန်ဆောင်မှုကဏ္ဍသည်လည်း ၂၀၂၅ ခုနှစ်တွင် စုစုပေါင်းအလုပ်အကိုင်၏ သုံးပုံတစ်ပုံကျော်အထိ ရောက်ရှိလာပြီး မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသော အခန်းကဏ္ဍတစ်ခု ဖြစ်လာကြောင်း တွေ့ရပါသည်။ ထိုသို့



ကုန်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ဘဏ္ဍာရေးနှင့် ခရီးသွားလုပ်ငန်းများ၏ တိုးတက်မှုသည် မြို့ပြဖွံ့ဖြိုးမှုနှင့် လူနေမှုပုံစံပြောင်းလဲမှုများနှင့် တိုက်ရိုက်ဆက်စပ်နေပါသည်။

ယင်းကဲ့သို့ စီးပွားရေးစနစ် ပြောင်းလဲတိုးတက်လာနေသော်လည်း စိုက်ပျိုးရေးကဏ္ဍသည် မြန်မာနိုင်ငံ၏ အခြေခံအုတ်မြစ်တစ်ခုအဖြစ် ဆက်လက်တည်ရှိနေပါသည်။ ကျေးလက်ဒေသများရှိ မိသားစုများစွာအတွက် စိုက်ပျိုးရေးလုပ်ငန်းသည် အဓိကဝင်ငွေရင်းမြစ်ဖြစ်သည့်အပြင် နိုင်ငံ၏ အစားအစာဖူလုံရေးအတွက်လည်း အရေးပါလှပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်စေရန် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများ အထူးလိုအပ်ပါသည်။

ယနေ့ခေတ်တွင် စိုက်ပျိုးရေးလုပ်ငန်းသည် ရိုးရာနည်းလမ်းများဖြင့်သာ မလုံလောက်တော့ဘဲ ခေတ်မီနည်းပညာများနှင့် ပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်လာပါသည်။ အရည်အသွေးမြင့် မျိုးကောင်းမျိုးစေ့များ အသုံးပြုခြင်း၊ စက်မှုလယ်ယာစနစ်များ တိုးချဲ့အသုံးပြုခြင်း၊ ရေသွင်းစနစ်ကောင်းများ တည်ဆောက်ခြင်းနှင့် ဒစ်ဂျစ်တယ်နည်းပညာများ အသုံးပြုခြင်းတို့သည် စိုက်ပျိုးရေးထွက်ကုန်များ များပြားတိုးတက်လာစေရန် အရေးပါသော အချက်များဖြစ်ပါသည်။ ထို့ပြင် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော ရေရှားပါးမှု၊ မိုးခေါင်မှုနှင့် ရေကြီးရေလျှံမှုများကို ရင်ဆိုင်ကျော်လွှားနိုင်သော နည်းစနစ်များကိုလည်း အားပေးမြှင့်တင်ရန် လိုအပ်ပါသည်။

အလားတူပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး (Rural Development) အတွက် စိုက်ပျိုးရေးကဏ္ဍ၏ အရေးပါမှုမှာ အလွန်ကြီးမားပါသည်။ လယ်ယာထုတ်လုပ်မှု တိုးတက်လာခြင်းသည် တောင်သူများ၏ဝင်ငွေ တိုးတက်လာစေရုံသာမက ဒေသတွင်း စီးပွားရေးလုပ်ငန်းများကိုလည်း အားကောင်းလာစေပါသည်။ ဥပမာအားဖြင့် လယ်ယာထွက်ကုန်များ များပြားတိုးတက်လာပါက သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ သိုလှောင်ရေးလုပ်ငန်းများ၊ စားသောက်ကုန် ထုတ်လုပ်ရေးလုပ်ငန်းများနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာနိုင်ပါသည်။







စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူငယ်လူရွယ်အများအပြားသည် စိုက်ပျိုးရေးလုပ်ငန်းမှ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများသို့ ရွှေ့ပြောင်းလုပ်ကိုင်ကြပါသည်။ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုအတွေ့အကြုံများအရ စိုက်ပျိုးရေးကဏ္ဍသည် စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်တစ်ခုဖြစ်ကြောင်း တွေ့ရပါသည်။ စိုက်ပျိုးရေးကဏ္ဍထုတ်လုပ်မှုကောင်းမွန်ခြင်းသည် ကုန်ကြမ်းပစ္စည်းရရှိနိုင်မှု၊ အစားအစာဈေးနှုန်းတည်ငြိမ်မှုနှင့် ကျေးလက်ဝင်ငွေတိုးတက်မှုတို့ကို ဖြစ်ပေါ်စေပါသည်။

ယနေ့မြန်မာနိုင်ငံတွင်လည်း စိုက်ပျိုးရေးကဏ္ဍ၏ တိုးတက်မှုသည် စီးပွားရေးတည်ငြိမ်မှုအတွက် အရေးကြီးနေဆဲဖြစ်ပါသည်။ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးမတည်ငြိမ်မှုများ၊ ရာသီဥတုပြောင်းလဲမှုများနှင့် ကုန်ဈေးနှုန်းအပြောင်းအလဲများကြားတွင် စိုက်ပျိုးရေးကဏ္ဍသည် ပြည်သူများ၏ အခြေခံအသက်မွေးဝမ်းကျောင်းကို ထိန်းသိမ်းပေးနိုင်သည့် အဓိကကဏ္ဍအဖြစ် ဆက်လက်ရပ်တည်နေပါသည်။

ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ အခြေအနေအချိန်အခါနှင့်အညီ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် အစိုးရပိုင်းမှ မူဝါဒအထောက်အပံ့များ၊ ဘဏ္ဍာရေးအကူအညီများနှင့် နည်းပညာပံ့ပိုးမှုများ လိုအပ်သကဲ့သို့ ပုဂ္ဂလိကကဏ္ဍ၏ ဒေသတွင်းရင်းနှီးမြှုပ်နှံမှုနှင့် လူမှုရေးတာဝန်သိလုပ်ငန်းများလည်း အရေးပါသည်။ သို့ဖြစ်၍ MPRL E&P အနေဖြင့် Corporate Social Responsibility (CSR) အစီအစဉ်များအောက်တွင် မန်းရေနံမြေအနီးဒေသများရှိ တောင်သူငယ်များအတွက် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အထောက်အပံ့များ ပေးအပ်ခြင်းဖြင့် ဒေသခံလူထု၏ ဘဝတိုးတက်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

အနာဂတ်မြန်မာနိုင်ငံ၏ စီးပွားရေးစနစ်တွင် စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများ ပိုမိုကြီးထွားလာနိုင်သော်လည်း စိုက်ပျိုးရေးကဏ္ဍ ဆက်လက်တည်ရှိနေမည် ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် စိုက်ပျိုးရေး၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများကို မျှတစွာဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်ပါသည်။ စိုက်ပျိုးရေးကဏ္ဍကို ခေတ်မီနည်းပညာများ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် ဈေးကွက်ချိတ်ဆက်မှုများဖြင့် ဆက်လက်ပံ့ပိုးပေးနိုင်ပါက မြန်မာနိုင်ငံ၏ စီးပွားရေးသည် ပိုမိုတည်ငြိမ်ပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းပေါ်သို့ ရောက်ရှိလာနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြလိုက်ပါသည်။ ■

**ရည်ညွှန်း**

၁။ International Labour Organization. (2026). ILOSTAT modelled estimates: Employment by economic activity – Myanmar.
https://ilostat.ilo.org/data/?utm_source=chatgpt.com&cat_mode=subject.

၂။ World Bank. (2026). Employment in agriculture (% of total employment) (modeled ILO estimate) – Myanmar. World Development Indicators.
https://data.worldbank.org/indicator/SL.AGR.EMPL.ZS?locations=MM.

၃။ StatBase. (2026). Employment in agriculture (% of total employment) – Myanmar (based on ILO modelled estimates).
https://statbase.org/data/mmr-employment-in-agriculture-share/.

၄။ International Labour Organization. (2023). Responsible business conduct in Myanmar agriculture sector.
https://researchrepository.ilo.org/esploro/outputs/encyclopediaEntry/Responsible-business-conduct-in-Myanmar-agriculture/995319257302676.

# "အမြင်ကြည်လင် ပြုံးပျော်ရွှင်" မျက်စိကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်မှ မျက်စိဝေဒနာရှင် သက်ကြီးရွယ်အို (၈၅) ဦး ခွဲစိတ်ကုသမှု အောင်မြင်ပြီးစီး

အမြင်အာရုံသည် လူသားတို့၏ နေ့စဉ်ဘဝ၊ လူမှုဆက်ဆံရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အရေးပါသော အခြေခံကျန်းမာရေး အရင်းအမြစ်တစ်ခုဖြစ်သည်။ မျက်စိကျန်းမာရေးချို့တဲ့ခြင်းသည် လူတစ်ဦး၏ ဘဝအရည်အသွေးကို ထိခိုက်စေရုံသာမက မိသားစုနှင့် လူမှုအသိုက်အဝန်းအပေါ်တွင်လည်း သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်သည်။



ထိုသို့သော မျက်စိကျန်းမာရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် MPRL E&P ၏ CSR အစီအစဉ်သည် မန်းရေနံမြေဒေသရှိ ရပ်ရွာလူထုအတွက် "အမြင်ကြည်လင် ပြုံးပျော်ရွှင်" မျက်စိကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်ကို ဒေသခံများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်တစ်စိတ်တစ်ပိုင်းအဖြစ် ၂၀၂၃ ခုနှစ်မှစ၍ နှစ်စဉ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

မျက်စိကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်အောက်၌ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလနှင့် မတ်လတွင် မန်းရေနံမြေရှိ ကျောင်းနေအရွယ်ကလေးများနှင့် အသက် (၆၀) နှင့်အထက် သက်ကြီးရွယ်အိုများ အပါအဝင် လူနာစုစုပေါင်း (၁၁၇) ဦးကို မျက်စိကျန်းမာရေး စစ်ဆေးပေးနိုင်ခဲ့သည်။ စစ်ဆေးမှုများအပြီးတွင် မျက်မှန်၊ မျက်စဉ်းနှင့် ဆေးဝါးလိုအပ်သူများကို ချက်ချင်းထောက်ပံ့ပေးခဲ့ပြီး ခွဲစိတ်ကုသမှုလိုအပ်သူများအတွက် ဆက်လက်ကုသနိုင်ရေးကို ဧပြီလနှင့် မေလတွင် စီမံဆောင်ရွက်ခဲ့သည်။





ခွဲစိတ်ကုသမှုများ မစတင်မီ ၂၀၂၆ ခုနှစ်၊ ဧပြီလအတွင်း လူနာများ၊ မိသားစုဝင်များနှင့် ကျေးရွာတာဝန်ရှိသူများကို CSR လုပ်ငန်းအဖွဲ့ဝင်များက တွေ့ဆုံရှင်းလင်းမှုများ ပြုလုပ်ခဲ့ပြီး၊ ခွဲစိတ်ကုသမှုအဆင့်ဆင့်၊ ကုသမှုဆိုင်ရာ အချက်အလက်များနှင့် ဆောင်ရန်ရှောင်ရန်များကို အသေးစိတ်မျှဝေ၍၊ လိုအပ်သော သဘောတူညီချက်များကိုလည်း စနစ်တကျ ရယူဆောင်ရွက်ခဲ့သည်။



၂၀၂၆ ခုနှစ်၊ မေလအစောပိုင်းမှ စတင်၍ ခွဲစိတ်ကုသမှု လိုအပ်သော လူနာများကို အုပ်စု (၈) စုခွဲကာ မင်းဘူးမြို့၊ ပြည်သူ့ဆေးရုံ၌ မျက်စိခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။ MPRL E&P ၏ CSR အစီအစဉ်သည် လူနာများ၏ အသွားအပြန်သယ်ယူပို့ဆောင်ရေး၊ ဆေးရုံတက်ရောက်ကုသမှု၊ ခွဲစိတ်ကုသမှုကုန်ကျစရိတ်များ၊ လိုအပ်သော ဆေးဝါးများနှင့် ခွဲစိတ်ပြီးနောက် ပြန်လည်စစ်ဆေးမှုများအထိ အပြည့်အဝ ပံ့ပိုးကူညီပေးခဲ့သည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပထမသုံးလပတ်အတွင်း အစီအစဉ်၏ အရေးပါသောအောင်မြင်မှုတစ်ရပ်အဖြစ် အတွင်းတိမ်၊ ရေတိမ်နှင့် မျက်သားခြစ်ဝေဒနာများ ခံစားနေရသည့် သက်ကြီးရွယ်အို မျက်စိဝေဒနာရှင် (၈၅) ဦးကို ခွဲစိတ်ကုသမှုများ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။ ထို့ပြင် ခွဲစိတ်ပြီးနောက် တစ်ပတ်ချိန်း ပြန်လည်စစ်ဆေးမှုများကိုလည်း အောင်မြင်စွာဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်သည်။

ခွဲစိတ်ကုသမှုများ ပြီးဆုံးပြီးနောက် လူနာများ၏ ကျန်းမာရေးအခြေအနေများကို ဆက်လက်စောင့်ကြည့်လေ့လာနိုင်ရန် MPRL E&P ၏ CSR လုပ်ငန်းအဖွဲ့ဝင်များက လူနာမှတ်တမ်းစနစ်ဖြင့် နောက်ဆက်တွဲစောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိသည်။ တစ်လပြည့်နောက်ပိုင်း ကျန်းမာရေးအခြေအနေများကို ပြန်လည်သုံးသပ်ခြင်းများ ဆောင်ရွက်မည်ဖြစ်ပြီး ကုသမှုရလဒ်များကို ရေရှည်စောင့်ကြည့်သွားမည်ဖြစ်သည်။ ■







ယခုတစ်ကြိမ် ဒေသခံများအား ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်ခြင်းကဏ္ဍမှာ မန်းရေနံမြေတာဝန်ခံ ဆရာဝန် ဒေါက်တာဇေယျပိုင်သူက အရေပြားရောဂါတစ်ခုဖြစ်သည့် ပွေးရောဂါအကြောင်း ရှင်းလင်းပြောပြထားတာကို ဖတ်ရှုမှတ်သားကြပါစို့။

# ပွေးရောဂါ (Ringworm) အကြောင်း သိကောင်းစရာ

ပွေးရောဂါဆိုတာ နာမည်မှာ "ပွေး" လို့ ခေါ်ကြပေမယ့် အင်းဆက်ပိုးကောင်ကြောင့် ဖြစ်တာမဟုတ်ဘဲ အရေပြားမှိုပိုးဝင်ခြင်း (Fungal Infection) ကြောင့် ဖြစ်ပွားတဲ့ အလွန်အဖြစ်များတဲ့ အရေပြားရောဂါတစ်မျိုး ဖြစ်ပါတယ်။ အရေပြားပေါ်က ဆဲလ်သေတွေမှာ တွယ်ကပ်ပေါက်ဖွားတတ်တဲ့ မှိုပိုးတွေကြောင့် ဖြစ်ပွားရတာပါ။

## ရောဂါလက္ခဏာများ

ပွေးပေါက်လာပြီဆိုလျှင် အောက်ပါလက္ခဏာများကို အများဆုံး တွေ့ရတတ်ပါတယ်။



- **အဝိုင်းပုံစံ အကွက်များ** – အရေပြားပေါ်တွင် အနီရောင် (သို့မဟုတ်) အညိုရောင်အကွက်များ ပေါ်လာတတ်ပြီး အကွက်၏ အနားသတ်များမှာ အနည်းငယ်ဖောင်းကြွကာ အဝိုင်းပုံစံ ရှိပါတယ်။



- **ယားယံခြင်း** – အလွန်အမင်း ယားယံတတ်ပြီး ကုတ်ဖဲ့မိပါက ပိုမိုပြန့်နှံ့သွားနိုင်ပါတယ်။



- **အရေပြား ကွာကျခြင်း** – ပွေးပေါက်နေသောနေရာရှိ အရေပြားသည် ခြောက်သွေ့ကာ အကြေးခွံကဲ့သို့ ကွာကျလာတတ်ပါတယ်။

## ကူးစက်နိုင်သော နည်းလမ်းများ

ပွေးရောဂါသည် ကူးစက်လွယ်သော ရောဂါတစ်မျိုးဖြစ်ပြီး အောက်ပါနည်းလမ်းများဖြင့် ကူးစက်နိုင်ပါတယ်။



- **လူမှ လူသို့ တိုက်ရိုက်ကူးစက်ခြင်း** – ရောဂါရှိသူ၏အရေပြားနှင့် တိုက်ရိုက်ထိတွေ့ပွတ်တိုက်မိခြင်းမှတစ်ဆင့် ကူးစက်နိုင်ပါတယ်။



- **အသုံးအဆောင်ပစ္စည်းများမှ တစ်ဆင့် ကူးစက်ခြင်း** – ရောဂါရှိသူ အသုံးပြုထားသော အဝတ်အစား၊ မျက်နှာသုတ်ပုဝါ၊ အိပ်ရာခင်းနှင့် ဘီး စသည်တို့ကို မျှဝေသုံးစွဲခြင်းမှ ကူးစက်နိုင်ပါတယ်။



- **တိရစ္ဆာန်မှတစ်ဆင့် ကူးစက်ခြင်း** – မှိုပိုးရှိနေသော ခွေး၊ ကြောင် စသည့် အိမ်မွေးတိရစ္ဆာန်များကို ကိုင်တွယ်ရာမှလည်း ကူးစက်တတ်ပါတယ်။

## ကြိုတင်ကာကွယ်ရန် နည်းလမ်းများ

ပွေးရောဂါ မဖြစ်ပွားစေရန်နှင့် အခြားသူများထံ မကူးစက်စေရန် အောက်ပါအချက်များကို လိုက်နာသင့်ပါတယ်။




- **တစ်ကိုယ်ရေ သန့်ရှင်းရေးကို ဂရုစိုက်ပါ** – နေ့စဉ် ပုံမှန်ရေချိုးပါ။ ရေချိုးပြီးတိုင်း အထူးသဖြင့် ခြေချောင်းကြား၊ ပေါင်ခြံ စသည့် ချွေးအောင်းလွယ်သောနေရာများကို ခြောက်သွေ့အောင် သုတ်ပါ။




- **တစ်ကိုယ်ရေသုံးပစ္စည်းများကို ခွဲခြားထားပါ** – အဝတ်အစား၊ တဘက်နှင့် ဖိနပ် စသည်တို့ကို အခြားသူများနှင့် မျှဝေသုံးစွဲခြင်းမှ ရှောင်ကြဉ်ပါ။



- **လေဝင်လေထွက်ကောင်းသော အဝတ်အစားများကို ဝတ်ဆင်ပါ** – ချွေးထွက်များလျှင် (သို့မဟုတ်) ရေစိုနေလျှင် အဝတ်အစားများကို ချက်ချင်းလဲလှယ်ပါ။ တင်းကျပ်လွန်းသော အဝတ်အစားများကို ရှောင်ပါ။



- **တိရစ္ဆာန်များကို ဂရုစိုက်ပါ** – မိမိ၏ အိမ်မွေးတိရစ္ဆာန်များတွင် အမွေးကျွတ်နေသော အကွက်များ တွေ့ရှိပါက တိရစ္ဆာန်ဆေးကုဆရာဝန်နှင့် အမြန်ဆုံး ပြသပါ။

## ပွေးရောဂါကုသနည်းများ

သာမန် ပွေးရောဂါအများစုကို လွယ်ကူစွာ ကုသနိုင်ပါတယ်။



- **လိမ်းဆေးများ အသုံးပြုခြင်း** – ဆေးဆိုင်များတွင် အလွယ်တကူ ဝယ်ယူရရှိနိုင်သော မှိုသတ်ဆေး (Antifun-gal Creams/Ointments) များကို ညွှန်ကြားချက်အတိုင်း ပုံမှန်လိမ်းပေးနိုင်ပါတယ်။ (ဥပမာ – Clotri-mazole၊ Miconazole ပါဝင်သော လိမ်းဆေးများ)




- **ဆရာဝန်နှင့် ပြသခြင်း** – အကယ်၍ လိမ်းဆေးလိမ်းသော်လည်း သက်သာမှု မရှိခြင်း၊ ပွေးအကွက်များ ပိုမိုကျယ်ပြန့်လာခြင်း သို့မဟုတ် ဦးရေပြားတွင် ပွေးပေါက်ခြင်းများ ဖြစ်လာပါက သောက်ဆေးများ လိုအပ်နိုင်သဖြင့် အရေပြားဆရာဝန်နှင့် မဖြစ်မနေ သွားရောက်ပြသသင့်ပါတယ်။ ■

စာမျက်နှာ - ၁၂ မှ အဆက်

အကောင်အထည်ဖော်ခဲ့ရာ ယခုအခါ အဆိုပါအမှိုက်ကန်များမှ ပထမအကြိမ် မြေဆွေးမြေဩဇာများကို အောင်မြင်စွာ ထုတ်ယူသုံးစွဲနိုင်ခဲ့ပြီ ဖြစ်သည်။

အေးမြကျေးရွာတွင်လည်း စေတနာ့ဝန်ထမ်းများနှင့် ကျေးရွာကော်မတီများ၏ အဆိုပြုချက်အရ ဆွေးမြေ့အမှိုက်ကန်ပြုလုပ်ရန် ဆွေးနွေးအတည်ပြုနိုင်ခဲ့ပြီး ၂၀၂၆ ခုနှစ်၊ ဧပြီလအတွင်း တစ်အိမ်တက်ဆင်းနှင့် အုပ်စုငယ်များဖွဲ့၍ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာပေးဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။ စိတ်ပါဝင်စားသော အိမ်ထောင်စုများကို အမှိုက်ခွဲခြားရန် အမှိုက်အိတ်များဖြန့်ဝေပေးခြင်းဖြင့် ဒေသခံများကိုယ်တိုင် တက်ကြွစွာပါဝင်လာစေရန် လက်တွေ့ကျကျ ဆွဲဆောင်စည်းရုံးနိုင်ခဲ့ပါသည်။ ဤသို့ဖြင့် MPRL E&P ၏ CSR အစီအစဉ်သည် မန်းရေနံမြေဒေသရှိ ထိစပ်ကျေးရွာများတွင် စွန့်ပစ်အမှိုက်များကို စနစ်တကျစီမံခန့်ခွဲရန်နှင့် အမှိုက်မှတစ်ဆင့် ပြန်လည်အသုံးပြု၍ရသော အကျိုးရှိသည့် အရာများအဖြစ် ပြန်လည်အသုံးချတတ်စေရန် လက်တွေ့ကျသော နည်းလမ်းကောင်းများကို အစဉ်တစိုက် ပံ့ပိုးပေးလျက်ရှိပါသည်။

စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာမြှင့်တင်ခြင်းသည် သန့်ရှင်းကျန်းမာပြီး သာယာလှပသော လူမှုပတ်ဝန်းကျင်တစ်ခုဖြစ်လာစေရေးအတွက် အဓိကအခြေခံအုတ်မြစ်ဖြစ်သည်။ အိမ်ထောင်စုအဆင့် အသိပညာမျှဝေခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများမှတစ်ဆင့် မိမိတို့ရင်ထဲတွင် တာဝန်ယူလိုစိတ်နှင့် ပတ်ဝန်းကျင် ချစ်မြတ်နိုးစိတ်များ ကိန်းအောင်းလာပြီး ရေရှည်တည်တံ့သော အနာဂတ်ပတ်ဝန်းကျင်ကောင်းတစ်ခုကို လက်တွဲတည်ဆောက်သွားနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ■

မျက်နှာဖုံးမှ အဆက်







CSR Team နှင့် HSE Team တို့ ပူးပေါင်းစီစဉ်ကျင်းပခဲ့သည့် အဆိုပါအခမ်းအနားသို့ မန်းရေနံမြေဒေသ ထိစပ်ကျေးရွာများမှ ဒေသခံပြည်သူ စုစုပေါင်း (၂၁၃) ဦး တက်ရောက်ခဲ့ကြပြီး ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပညာများကို အတူတကွ မျှဝေဖလှယ်နိုင်ခဲ့ကြသည်။

အခမ်းအနားတွင် MPRL E&P ၏ Head of Corporate Sustainability ဒေါ်ဝတ်မှုံတင်လတ်က ကုမ္ပဏီ၏ CSR အစီအစဉ်မှတစ်ဆင့် ဆောင်ရွက်လျက်ရှိသော စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများကို မိတ်ဆက်ရှင်းလင်းခဲ့ပြီး ဒေသခံပြည်သူများအနေဖြင့်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားမှုများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ထို့ပြင် Assistant HSE Manager ဦးစိုးသန်းနိုင်က ကုမ္ပဏီနှင့် မန်းရေနံမြေဒေသခံများအကြား ပူးပေါင်းဆောင်ရွက်ခဲ့သည့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများကို မျှဝေတင်ပြခဲ့သည်။ ဆက်လက်၍ Environmental Officer ဦးဟန်မျိုးအောင်က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ အရေးပါမှု၊ ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ရသည့် အကြောင်းရင်းများ၊ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများနှင့် တစ်ဦးချင်းအနေဖြင့် ပါဝင်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။



ဟောပြောပွဲအတွင်း ပါဝင်သူများနှင့် အပြန်အလှန်ဆွေးနွေးမေးမြန်းမှုများပြုလုပ်ခဲ့ရာ တက်ရောက်လာသူများက စိတ်ပါဝင်စားစွာ ပါဝင်ဆွေးနွေးခဲ့ကြသည်။ မှန်ကန်စွာ ဖြေဆိုနိုင်သူများနှင့် ဆွေးနွေးမှုတွင် ပါဝင်သူများကို CSR အစီအစဉ်က အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။

ထို့ပြင် ဟောပြောပွဲအပြီးတွင် ပါဝင်သူများက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးအတွက် မိမိတို့လက်တွေ့ဆောင်ရွက်မည့် ကတိကဝတ်များ (Commitments) ကို ကတိသစ္စာပြု အထိမ်းအမှတ်သစ်ပင် (Tree of Commitments) ပေါ်တွင် ရေးသားကပ်ထားခဲ့ကြပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် မိမိတို့၏ တာဝန်ယူမှုကို ထုတ်ဖော်ပြသခဲ့ကြသည်။







## လူတိုင်းပါဝင်နိုင်သည့် ရာသီဥတုဆိုင်ရာ လုပ်ဆောင်ချက်များ

ဟောပြောပွဲအတွင်း ဆွေးနွေးခဲ့သည့်အကြောင်းအရာများအရ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးအတွက် လူတိုင်းပါဝင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းများစွာ ရှိနေသည်။ ၎င်းတို့အနက် သစ်ပင်စိုက်ပျိုးခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အမှိုက်များကို စနစ်တကျ စွန့်ပစ်ခြင်း၊ ပလတ်စတစ်အသုံးပြုမှု လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်းနှင့် ပြန်လည်ပြုပြင်အသုံးပြုခြင်း၊ ဂေဟစနစ်နှင့် ကိုက်ညီသော စိုက်ပျိုးရေးနည်းလမ်းများ ကျင့်သုံးခြင်းတို့သည် အရေးပါသောလုပ်ဆောင်ချက်များဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ခြင်းသည် တစ်ဦးတစ်ယောက်တည်း၏ တာဝန်မဟုတ်ဘဲ လူသားအားလုံး ပူးပေါင်းဆောင်ရွက်ရမည့် ကမ္ဘာလုံးဆိုင်ရာ တာဝန်တစ်ရပ် ဖြစ်သည်။ ထို့ကြောင့် လူတိုင်းသည် မိမိတို့၏ နေ့စဉ်အပြုအမူများမှ စတင်၍ သဘာဝပတ်ဝန်းကျင်အတွက် အကျိုးရှိသော ရွေးချယ်မှုများကို ပြုလုပ်သင့်သည်။

MPRL E&P ကုမ္ပဏီသည် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကုမ္ပဏီ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များနှင့်အညီ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် အနာဂတ်မျိုးဆက်သစ်များအတွက် စိမ်းလန်းစိုပြည်ပြီး တည်တံ့ခိုင်မြဲသော ကမ္ဘာမြေတစ်ခုကို အမွေအဖြစ် လက်ဆင့်ကမ်းပေးနိုင်ရန် MPRL E&P သည် ဒေသခံလူထုနှင့် လက်တွဲကာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆက်လက်အားထုတ် ဆောင်ရွက်သွားမည်ဖြစ်သည်။ ■

စာမျက်နှာ - ၅ မှ အဆက်



**ဒေါ်သင်းသင်းနွယ်**
(မန်းကျိုးကျေးရွာ)

"ဒီနှစ်တွေထဲမှာ တချို့သီးနှံတွေက အစပိုင်းမှာ ကောင်းကောင်းဖြစ်ထွန်းပြီး နောက်ပိုင်းကျမှ အရွက်တွေဝါလာတာ၊ အပင်တွေညိုးပြီး မရိတ်သိမ်းခင် သေကုန်တာမျိုးတွေ ဘာကြောင့်ဖြစ်မှန်း မသိခဲ့ပါဘူး။ ကျွန်မတို့က မိရိုးဖလာနည်းလမ်းအတိုင်း လုပ်ကိုင်ပြီး အတွေ့အကြုံကိုပဲ အားကိုးခဲ့ကြတယ်။ ဒါပေမဲ့ စိုက်ခင်းထဲမှာ တကယ်ကြုံတွေ့နေရတဲ့ ပြဿနာတွေရဲ့ အကြောင်းရင်းမှန်ကို မသိခဲ့ကြပါဘူး။

ဒီသင်တန်းက ကျွန်မရဲ့ မေးခွန်းများစွာအတွက် အဖြေပေးနိုင်ခဲ့ပါတယ်။ မြေဆီလွှာအခြေအနေကို ဘယ်လိုစမ်းသပ်ရမလဲ၊ မြေချဉ်နေသလားဆိုတာ ဘယ်လိုသိနိုင်မလဲ၊ မျိုးစေ့ကောင်း ဘယ်လိုရွေးမလဲ၊ ပိုးမွှားတွေကို ပိုပြီးထိထိရောက်ရောက် ဘယ်လိုကိုင်တွယ်မလဲဆိုတာတွေကို လေ့လာခွင့်ရခဲ့ပါတယ်။ အသိသာဆုံးသင်ခန်းစာကတော့ ထုံးကို စိုက်ပျိုးရေးမှာ မြေဆီလွှာပြုပြင်ဖို့ အသုံးပြုနိုင်တယ်ဆိုတာ သိလိုက်ရတာပါ။ အရင်တုန်းက ထုံးကို အိမ်သုံးအတွက်ပဲ သိခဲ့တာပါ။ ရာသီဥတုနှင့်လိုက်လျောညီထွေရှိတဲ့ စိုက်ပျိုးရေးသင်ခန်းစာတွေကလည်း အခုလို ရာသီဥတုဖောက်ပြန်မှုများလာတဲ့အချိန်မှာ တောင်သူတွေအတွက် အလွန်တန်ဖိုးရှိပါတယ်။

မန်းရေနံမြေဒေသရဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေ တိုးတက်ဖို့အတွက် အခုလို စိုက်ပျိုးရေးပညာရှင်တွေကို ဖိတ်ခေါ်ပြီး ဗဟုသုတတွေ၊ နည်းစနစ်ကောင်းတွေ၊ မြေဆီလွှာနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနည်းသင်တန်းတွေ ပို့ချပေးခဲ့တဲ့ MPRL E&P ကုမ္ပဏီနဲ့ CSR အစီအစဉ်ကို ကျေးဇူးအထူးတင်ရှိပါတယ်။"



**ဦးနေဇော်**
(ချင်တောင်ကျေးရွာ)

"အရင်တုန်းက စိုက်ခင်းထဲ ပိုးမွှား (သို့မဟုတ်) ရောဂါကျပြီဆိုတာနဲ့ စိုက်ပျိုးရေးဆေးဆိုင်တွေကညွှန်းတဲ့ ဓာတုပိုးသတ်ဆေးတွေကိုပဲ ချက်ချင်းဝယ်ဖြန်းခဲ့ပါတယ်။ တခြားနည်းလမ်းတွေ ရှိနိုင်မလားဆိုတာ မတွေးမိခဲ့ဘူး။ ရလဒ်အနေနဲ့ စိုက်ပျိုးစရိတ်တွေ ပိုကုန်လာပြီး မြေဆီလွှာအရည်အသွေးကတော့ တဖြည်းဖြည်းကျဆင်းလာခဲ့ပါတယ်။

ဒီသင်တန်းကနေ နှစ်ရှည်လများ ဓာတုမြေသြဇာတွေကို အလွန်အကျွံသုံးစွဲခဲ့ခြင်းကြောင့် ကျွန်တော်တို့ဒေသမှာ မြေဆီလွှာအချဉ်ဓာတ် မြင့်မားလာတယ်ဆိုတာ သိရှိခဲ့ရပါတယ်။ သဘာဝမြေသြဇာလုပ်နည်း၊ သဘာဝပိုးသတ်ဆေးပြင်ဆင်နည်းနဲ့ မြေဆီလွှာပြန်လည်ထူထောင်ရေး နည်းလမ်းတွေကိုလည်း လေ့လာခွင့်ရခဲ့ပါတယ်။ ကျွန်တော့်ကို အားရှိစေဆုံးအချက်ကတော့ သဘာဝမြေဆွေး၊ ဘိုကာရှီမြေဆွေးနဲ့ အခြားသဘာဝသွင်းအားစုတွေကို ဆက်တိုက်အသုံးပြုရင် ပျက်စီးနေတဲ့ မြေဆီလွှာတွေကို တဖြည်းဖြည်း ပြန်လည်ကောင်းမွန်လာစေနိုင်တယ်ဆိုတဲ့အချက်ပါပဲ။ အခု ကျွန်တော့်စိုက်ခင်းမှာ တချို့နည်းလမ်းတွေကို စတင်အသုံးချနေပြီဖြစ်ပြီး ရေရှည်မှာ ကောင်းမွန်တဲ့ပြောင်းလဲမှုတွေ တွေ့ရဖို့ မျှော်လင့်နေပါတယ်။

MPRL E&P ရဲ့ CSR အစီအစဉ်အနေနဲ့ ကျွန်တော်တို့မန်းရေနံမြေဒေသခံတောင်သူတွေအတွက် စိုက်ပျိုးရေးနည်းပညာတွေနဲ့ သွင်းအားစုတွေကို အစဉ်တစိုက်ပံ့ပိုးပေးလို့ များစွာအကျိုးဖြစ်ထွန်းခဲ့ပါတယ်။ ဒီလိုပံ့ပိုးမှုတွေအတွက်လည်း ကျေးဇူးအများကြီးတင်ပါတယ်။"



**ဦးသိန်းမင်းဇော်**
(အေးမြကျေးရွာ)

"ဒီသင်တန်းမတက်ခင်က အပင်တွေ အရွက်လိပ်တာ၊ ပိုးကျတာနဲ့ အပင်မသန်တာတွေက ပိုးမွှား (သို့မဟုတ်) ရာသီဥတုကြောင့်ပဲလို့ ထင်ခဲ့မိပါတယ်။ မြေဆီလွှာကျန်းမာရေးက သီးနှံဖြစ်ထွန်းမှုအပေါ် ဘယ်လောက်အရေးပါတယ်ဆိုတာ အပြည့်အဝ နားမလည်ခဲ့ပါဘူး။

လက်တွေ့မြေဆီလွှာစမ်းသပ်တဲ့ လေ့ကျင့်ခန်းတွေက တကယ်အသုံးဝင်ခဲ့ပါတယ်။ ကျွန်တော်တို့ဒေသက မြေအများစုဟာ အချဉ်ဓာတ် အလွန်မြင့်မားနေတာကို မျက်မြင်တွေ့လိုက်ရတယ်။ သင်တန်းက ပြန်ရောက်တာနဲ့ မြေပြင်တဲ့အခါမှာ စိုက်ပျိုးရေးသုံးထုံးကို ချက်ချင်းထည့်သွင်းအသုံးပြုခဲ့ပြီး ပျိုးထောင်တဲ့လုပ်ငန်းမှာလည်း သဘာဝမြေဆွေး၊ ငါးအမိုင်နိုအက်ဆစ်မြေသြဇာနဲ့ အီးအမ်ဖျော်ရည်တွေကို စတင်အသုံးပြုပါတယ်။ အချိန်တိုအတွင်းမှာပဲ ပျိုးပင်တွေ ပိုပြီးသန်စွမ်းလာတာ၊ ပိုပြီးစိမ်းလန်းစိုပြည်လာတာနဲ့ ပိုးမွှားကျရောက်မှု သက်သာလာတာတွေကို သတိထားမိလာပါတယ်။ ဒီအတွေ့အကြုံတွေကြောင့် မြေဆီလွှာကျန်းမာရေးကို ပြုပြင်မြှင့်တင်ခြင်းဟာ တောင်သူတွေရဲ့အနာဂတ်အတွက် အရေးကြီးဆုံး ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်တယ်ဆိုတာ ယုံကြည်လာပါတယ်။

အခုလို လိုအပ်တဲ့နည်းပညာပံ့ပိုးမှုတွေ လုပ်ပေးခဲ့တာကြောင့် MPRL E&P ကုမ္ပဏီကို ကျေးဇူးအထူးပင်တင်ရှိပါတယ်။ ကုမ္ပဏီအနေနဲ့ ဒီထက်မက အောင်မြင်ပြီး ဒေသခံတွေရဲ့ လူမှုစီးပွားဘဝကို ဆက်လက်မြှင့်တင်ပေးနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်။" ■

စာမျက်နှာ - ၁၃ မှ အဆက်

စားသုံးသီးနှံမဟုတ်သော ပန်းပင်များနှင့် သစ်ပင်များအတွက် ပိုမိုအသုံးပြုသင့်ပါသည်။ ဟင်းသီးဟင်းရွက်စိုက်ခင်းတွင် အသုံးပြုလိုပါက စိုက်ပျိုးချိန်မတိုင်မီ ရက်သတ္တပတ်အနည်းငယ် ကြိုတင်၍ထည့်ပေးသင့်ပါသည်။ အသားနှင့်နို့ထွက်ပစ္စည်းများပါဝင်မှုကြောင့် ကောင်းစွာ မဆွေးမြေ့သည့် မြေဆွေးကို အသုံးမပြုသင့်ပါ။

## ဘိုကာရှီမြေဆွေးပြုလုပ်နည်း

အပူချိန်ထိန်းသိမ်းရန်နှင့် ပြုလုပ်မည့်မြေဆွေးများကို လှည့်ပေးရန် အခက်အခဲရှိပါက "ဘိုကာရှီ" နည်းလမ်းကို စဉ်းစားနိုင်ပါသည်။ ဤနည်းလမ်းတွင် လေလုံဗူးများနှင့် အထူးဘက်တီးရီးယားပါသော ကောက်ရိုးမှုန့်များ အသုံးပြုကြပါသည်။ အသား၊ အဆီအပါအဝင် အစားအစာအမှိုက်အားလုံးကို အချဉ်ဖောက်ပြီး မြေဆွေးအဆင့်မရောက်သေးသောအရာများကို မြေကြီးတွင် မြှုပ်နှံ၍ ဆက်လက်ဆွေးမြေ့စေနိုင်ပါသည်။

သို့ဖြစ်၍ အိမ်ထောင်စုတိုင်း အသား၊ ထမင်း၊ အဆီများပါသည့် အမှိုက်စိုများကို ပိုးမွှားများနှင့် အနံ့ဆိုးများ မဖြစ်ပေါ်ရန် ဂရုပြုပြီး အလွယ်တကူ မြေဆွေးပြုလုပ်နိုင်ပါသည်။ မှန်ကန်စွာ မြေဆွေးအလွှာခွဲခြားခြင်း၊ အပူချိန်ထိန်းသိမ်းခြင်းနှင့် "အညိုရောင်" ပစ္စည်းများ ချိန်ညှိထည့်သွင်းခြင်းတို့ဖြင့် ကျေးလက်နေအိမ်ထောင်စုများသည် နေ့စဉ်မီးဖိုချောင်ထွက်အမှိုက်များကို တန်ဖိုးရှိသော သဘာဝမြေသြဇာအဖြစ် ပြောင်းလဲကာ၊ မိမိတို့၏ပတ်ဝန်းကျင်ကို အကျိုးပြုနိုင်ကြမည်ဖြစ်ပါသည်။ ■



# မန်းမြေဒေသဖွံ့ဖြိုးရေး မပြတ်ဆွေးနွေး ဆောင်ရွက်ပေး





ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ လုပ်ငန်းဆက်စပ်သူများနှင့် စေ့စပ်ညှိနှိုင်းခြင်း၊ ပွင့်လင်းမြင်သာစွာ တိုင်ပင်ဆွေးနွေးခြင်းသည် အလွန်အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်ပါသည်။ ကြိုတင်ညှိနှိုင်းခြင်းအားဖြင့် ဒေသ၏ အမှန်တကယ် လိုအပ်ချက်များနှင့်ကိုက်ညီသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါသည်။ MPRL E&P အနေဖြင့် မန်းရေနံမြေဒေသတွင် ရေနံအထွက်တိုးရေးလုပ်ငန်းများသာမက ဒေသခံတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုပါ အလေးထားဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းဆက်စပ်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေး ပူးပေါင်းလျက်ရှိပါသည်။ ထို့ကြောင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပထမသုံးလပတ်အတွင်း ဆောင်ရွက်ခဲ့သော ချိတ်ဆက်ဆောင်ရွက်မှုများကို ဖော်ပြအပ်ပါသည်။



### ကျေးရွာလူထုနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း

- ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း မန်းရေနံမြေထိစပ်ကျေးရွာများတွင် ဆောင်ရွက်ရန်လျာထားသော အခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အေးမြ၊ လက်ပံတပင်၊ ပေါက်ကုန်း၊ မကြီးချောင်းနှင့် မန်းကျိုး စသည့် ကျေးရွာများရှိ ဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ကွင်းဆင်းလေ့လာ တွက်ချက်မှုများ ပြုလုပ်ခဲ့ပါသည်။
- ကျေးရွာလူထုမှ ကိုယ်တိုင်စီမံခန့်ခွဲသော 'ဆွေးမြေ့မြေဩဇာစီမံကိန်း' စဉ်ဆက်မပြတ် လည်ပတ်နိုင်ရေးအတွက် စွန့်ပစ်အမှိုက်များ ပြန်လည်သိမ်းဆည်းခြင်း၊ အမှိုက်ကန်အတွင်း ရေနှင့် အီးအမ် (EM) ထည့်သွင်း၍ ဖျန်းကာ နင်းသိပ်ခြင်းလုပ်ငန်းစဉ်များကို ကျေးရွာတာဝန်ခံများ၊ စေတနာ့ဝန်ထမ်းများနှင့် အိမ်ထောင်စုများပူးပေါင်းကာ စနစ်တကျ လုပ်ဆောင်ခဲ့ပါသည်။
- ထိစပ်ကျေးရွာ (၁၄) ရွာမှ မျက်စိဝေဒနာရှင်များအတွက် အတွင်းတိမ်၊ ရေတိမ်နှင့် မျက်သားခြစ် ခွဲစိတ်ကုသမှုများကို ထိရောက်စွာပံ့ပိုးပေးနိုင်ရန် မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်အိအိအောင်နှင့် ကြိုတင်တိုင်ပင်ဆွေးနွေးခဲ့ပြီး နေ့ရက်အလိုက် ခွဲစိတ်ကုသမည့် လူဦးရေနှင့် အချိန်ဇယားများကို ရေးဆွဲခဲ့ပါသည်။
- ထို့ပြင် လူနာနှင့်လူနာရှင်များထံမှ သဘောတူညီချက် ရယူခြင်း၊ ခွဲစိတ်လူနာများအတွက် ဆေးရုံအကြိုအပို့ စီစဉ်ပေးခြင်းနှင့် ခွဲစိတ်ပြီးတစ်ပတ်ပြည့်ချိန်တွင် ပြန်လည်ပြသခြင်း စသည့်ကိစ္စရပ်များကို ကျေးရွာစေတနာ့ဝန်ထမ်းများနှင့် ချိတ်ဆက်ကာ အဆင်ပြေချောမွေ့စွာ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။
- နေကြာနှင့် ကုလားပဲ စိုက်ပျိုးသော တောင်သူများနှင့် တွေ့ဆုံ၍ သီးနှံအထွက်နှုန်း၊ ကုန်ကျစရိတ်နှင့် အခြားစိုက်ပျိုးရေးဆိုင်ရာ အချက်အလက်များကို စနစ်တကျကောက်ယူစုဆောင်းခဲ့ပါသည်။
- မျိုးစေ့ဘဏ်ကော်မတီမှ မျိုးစေ့များ ပြန်လည်သိမ်းဆည်းခြင်းနှင့် လာမည့်စိုက်ပျိုးရာသီအတွက် မျိုးစေ့များ လွှဲပြောင်းထုတ်ပေးခြင်း လုပ်ငန်းစဉ်များကို အနီးကပ်စောင့်ကြည့်လေ့လာ၍ လိုအပ်သည်များကို ပံ့ပိုးကူညီပေးခဲ့ပါသည်။

### လုပ်ငန်းဆက်စပ်သူများနှင့် တွေ့ဆုံ၍ CSR လုပ်ငန်းဆောင်ရွက်ချက်များ တင်ပြခြင်း

ပထမသုံးလပတ်အတွင်း မန်းရေနံမြေ ထိစပ်ကျေးရွာများမှ ဒေသခံစေတနာ့ဝန်ထမ်းများနှင့် လစဉ်ပုံမှန် အစည်းအဝေးများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဖွံ့ဖြိုးရေးကော်မတီဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ခြောက်လပတ် အစည်းအဝေးများ ကျင်းပ၍ ဒေသတွင်းဆောင်ရွက်ခဲ့သော CSR လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအသိပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

စာမျက်နှာ - ၂၁ ▶







စာမျက်နှာ - ၂၀ မှ အဆက်

ထို့ပြင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (နေပြည်တော်) မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပွဲကျင်းပကာ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည် ဖော်ခဲ့သော CSR လုပ်ငန်းများနှင့် ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာစွာ အသိပေးတင်ပြခဲ့ပါသည်။





## သတင်းအချက်အလက် ဖြန့်ဝေမှုနှင့် ဆက်သွယ်ရေး

ကုမ္ပဏီ၏ လုပ်ဆောင်ချက်များကို သက်ဆိုင်သူအားလုံး ပွင့်လင်းမြင်သာစွာ သိရှိစေရန်အတွက် ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်၊ စတုတ္ထသုံးလပတ်အတွင်း ထုတ်ဝေခဲ့သော 'တို့မန်းမြေ' သတင်းလွှာ၊ 'Insight!' သတင်းလွှာနှင့် CSR အစီရင်ခံစာများကို သက်ဆိုင်ရာဌာနဆိုင်ရာများ၊ လုပ်ငန်းဆက်စပ်



သူများနှင့် ဒေသခံပြည်သူများထံသို့ အချိန်နှင့်တပြေးညီ ဖြန့်ဝေပေးခဲ့ပါသည်။

MPRL E&P ၏ လုပ်ငန်းဆက်စပ်သူများနှင့် ထိတွေ့ဆက်ဆံခြင်း (Stakeholder Engagement) လုပ်ငန်းစဉ်သည် ရိုးရှင်းသော ဆက်သွယ်ပြောဆိုမှုအဆင့်ထက် ကျော်လွန်၍ အပြန်အလှန် လေးစားယုံကြည်မှုနှင့် ရေရှည်တည်တံ့သော ပူးပေါင်းဆောင်ရွက်မှုအပေါ်တွင် အခိုင်အမာအခြေခံထားပါသည်။ ကုမ္ပဏီအနေဖြင့် ဒေသခံလူထု၏အသံကို နားထောင်ရုံမျှသာမက၊ ၎င်းတို့၏ လိုအပ်ချက်များနှင့် စိုးရိမ်ပူပန်မှုများကို ပွင့်လင်းမြင်သာသော အစီရင်ခံမှုများ၊ ခိုင်မာသော တုံ့ပြန်ဆောင်ရွက်မှုများဖြင့် လက်တွေ့ကျကျဖြည့်ဆည်းပေးလျက်ရှိပါသည်။ ဒေသခံပြည်သူများ၊ အစိုးရဌာနဆိုင်ရာများနှင့် လုပ်ငန်းသက်ဆိုင်သူအားလုံးနှင့် ဟန်ချက်ညီညီ



လက်တွဲဆောင်ရွက်ခြင်းသည် MPRL E&P အား တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော မိတ်ဖက်ကောင်းအဖြစ် ရပ်တည်စေမည်ဖြစ်ပြီး မန်းရေနံမြေဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာသောခြေလှမ်းများပင် ဖြစ်ပါသည်။ ■

---

စာမျက်နှာ - ၆ မှ အဆက်

## ဘက်စုံလွှမ်းခြုံသော ထောက်ပံ့မှုပုံစံနှင့် စနစ်တကျ ရွေးချယ်ဆောင်ရွက်မှုများ

MPRL E&P အနေဖြင့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးနှင့် အုပ်ထိန်းသူများ၏ ဝန်ထုပ်ဝန်ပိုးသက်သာစေရန်အတွက် သက်ဆိုင်ရာကျောင်းအလိုက် သင်ရိုးညွှန်းတမ်းစာအုပ်နှင့် စာရွက်စာတမ်းကြေးများ၊ ကျောင်းဝတ်စုံကြေးနှင့် သင်ထောက်ကူပစ္စည်းများ၊ စားသောက်စရိတ်နှင့် အဆောင်ခများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် တစ်ကိုယ်ရေအသုံးပြုရန် အပိုအသုံးစရိတ်များအပြင် ပညာသင်ကြားရာတွင် အသုံးပြုရန်လိုအပ်သော ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ စသည့်လိုအပ်ချက်အားလုံးကို ဘက်စုံဖြည့်ဆည်းပေးထားပါသည်။

## စနစ်ကျပြီး ပွင့်လင်းမြင်သာသော ပညာသင်ဆု ပံ့ပိုးသည့်လုပ်ငန်းစဉ်

ပညာသင်ဆုများကို အမှန်တကယ်လိုအပ်သူများထံ ရောက်ရှိစေရန်နှင့် ပညာသင်ဆုရွေးချယ်ပံ့ပိုးသည့် အစီအစဉ်စနစ်တကျဖြစ်စေရန် အဆင့်တိုင်းကို စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ထိစပ်ဒေသအတွင်းရှိ ကြော်ငြာသင်ပုန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာစေတနာ့ဝန်ထမ်းများမှတစ်ဆင့် အသိပေးကြေညာ၍ ပညာသင်ဆုခေါ်ယူခြင်း၊ ဝင်ခွင့်ဖြေဆိုရန်အတွက် ကြိုတင်ပြင်မှုဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် တက်ရောက်အောင်မြင်ပြီးသည့် ကျောင်းသားဟောင်းများမှ အသိပညာမျှဝေခြင်း၊ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် ကျောင်းများသို့ အကြို/အပို့ စီစဉ်ပေးခြင်း၊ ပညာသင်ဆု လျှောက်ထားသူများလိုက်နာရမည့် စည်းကမ်းချက်များ ရှင်းလင်းခြင်းနှင့် အုပ်ထိန်းသူနှင့် ကျောင်းသားများကို သဘောတူလက်မှတ်ရေးထိုးစေခြင်း၊ ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များအဆင်ပြေစေရန် ကူညီဆောင်ရွက်ပေးခြင်း၊ ကျောင်းသားများ၏ သင်ယူမှုအဆင့်ဆင့်ကို အမြဲမပြတ် အကဲဖြတ်ဆန်းစစ်ခြင်းနှင့် လိုအပ်သလို ပံ့ပိုးပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိပါသည်။

MPRL E&P ၏ CSR အစီအစဉ်ဖြင့် ပေးအပ်သော ပညာသင်ဆုများသည် ကျောင်းသား၊ ကျောင်းသူများ မိမိတို့ရွေးချယ်ထားသောပညာရပ်များကို အဆုံးတိုင်အောင်မြင်ပြီးမြောက်သည်အထိ သက်ဆိုင်ရာကျောင်းအလိုက် လိုအပ်ချက်များအပေါ်မူတည်ကာ စဉ်ဆက်မပြတ် ဆက်လက်ပံ့ပိုးကူညီသွားမည်ဖြစ်ပါသည်။ ဤသို့ပံ့ပိုးပေးခြင်းအားဖြင့် နောင်တစ်ချိန်တွင် မန်းရေနံမြေဒေသနှင့် နိုင်ငံတော်ကို ပြန်လည်အကျိုးပြုမည့် ထူးချွန်လူငယ်မောင်မယ်များ ပေါ်ထွန်းလာလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။ ■

---

စာမျက်နှာ - ၇ မှ အဆက်

ပြိုင်ပွဲဝင်လူငယ်အားလုံး၏ ကြိုးစားအားထုတ်မှုကြောင့် အမှတ်ပေးအကဲဖြတ်မှုသည် စိန်ခေါ်မှုများသကဲ့သို့ အလွန်လည်း ကျေနပ်အားရဖွယ်ကောင်းခဲ့ပြီး ၎င်းတို့၏ ဗဟုသုတကျယ်ပြန့်ကြပုံကို အံ့သြဂုဏ်ယူခဲ့ရပါသည်။

စိတ်အားထက်သန်စွာ ပါဝင်ဖြေဆိုကြသူများအနက် ထူးချွန်စွာဖြေဆိုနိုင်ခဲ့ကြသော ပထမဆုရှင် မဆောင်းသံစဉ်ထွန်း၊ ဒုတိယဆုရှင် မသက်မူယာဇော်၊ တတိယဆုရှင် မကြည်ကြည်ဝေဦးတို့ အသီးသီးထွက်ပေါ်လာခဲ့ပါသည်။ စာဖတ်စွမ်းရည်၊ အဖြေမှန်ကို လေ့လာစူးစမ်းနိုင်စွမ်း၊ ဗဟုသုတကြွယ်ဝမှု၊ နားလည်နိုင်စွမ်းနှင့် ကြိုးစားအားထုတ်မှုများကို ပြသနိုင်ခဲ့သည့် ဤလူငယ်စာဖတ်ပရိသတ်များကို ကျွန်ုပ်တို့၏ လှိုက်လှဲစွာ ဂုဏ်ပြုချီးကျူးစကား ဆိုအပ်ပါသည်။

ဆုရရှိသူများကို ဂုဏ်ပြုသကဲ့သို့၊ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော လူငယ် (၃၈) ဦးစီတိုင်းကိုလည်း အသိအမှတ်ပြုလိုပါသည်။ ဤပြိုင်ပွဲတွင် ပါဝင်ခြင်းဖြင့် သင်တို့အားလုံးသည် သင်တို့၏ ဘဝတွက်တာသင်ယူမှုခရီးစဉ်တွင် အရေးပါသော ခြေလှမ်းတစ်လှမ်းကို လှမ်းလိုက်ခြင်းပင် ဖြစ်ပါသည်။ မန်းရေနံမြေဒေသရှိ လူငယ်များ၏ စူးစမ်းလိုစိတ် မီးရှူးတိုင် ဆက်လက်တောက်ပနေစေရန်အတွက် MPRL E&P အနေဖြင့် ယခုကဲ့သို့သော အခွင့်အလမ်းများ၊ အစီအစဉ်များကို ပိုမိုဖန်တီးပေးရန် ဆက်လက်ကြိုးပမ်းသွားမည် ဖြစ်ပါသည်။ ‘စာပေဆက်လက်ဖတ်ရှုပါ၊ ဆက်လက်မေးခွန်းထုတ်ပါ၊ ဆက်လက်စူးစမ်းလေ့လာပါ’ ဟု လူငယ်များကို တိုက်တွန်းအပ်ပါသည်။ ■

# အသိပညာနှင့် စိတ်ကူးသစ်များ လမ်းပြရာ ကလေးငယ်တို့၏ သင်ယူမှုကမ္ဘာ



သုတပင်လယ် စာကြည့်တိုက်

ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုသည် ထိုဒေသရှိ ကလေးငယ်များ၏ ပညာရေးပန်းတိုင်သို့ မည်မျှခိုင်မာစွာ လျှောက်လှမ်းနိုင်ခြင်းအပေါ် တိုက်ရိုက်အချိုးကျနေသည်ကို နိုင်ငံတကာ ဖြစ်ရပ်များက သက်သေထူလျက်ရှိပါသည်။ ကျွန်ုပ်တို့၏ စာသင်ကျောင်းများတွင် ချိတ်ဆွဲထားသော "ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့" ဟူသည့်ဆောင်ပုဒ်ကို ကြည့်ခြင်းအားဖြင့်လည်း ပညာရေးကဏ္ဍသည် နိုင်ငံတည်ဆောက်ရေးတွင် မည်မျှအထိ အရေးပါကြောင်း ခန့်မှန်းနိုင်ကြမည်ဖြစ်ပါသည်။

ပညာရေး၏ အစစ်အမှန်ပန်းတိုင်နှင့် ပတ်သက်၍ ပညာရှင် Jean Piaget က "ပညာရေး၏ ရည်ရွယ်ချက်သည် အသိပညာဗဟုသုတများ တိုးပွားလာစေရန်သာမကဘဲ အသစ်သစ်သော အရာများကို ဖန်တီးနိုင်စွမ်းရှိသူများ ဖြစ်လာစေရန်ဖြစ်သည်။ ကလေးငယ်များအတွက် တီထွင်နိုင်စွမ်းနှင့် ရှာဖွေတွေ့ရှိနိုင်စွမ်းရှိသောအခွင့်အလမ်းများကို ဖန်တီးပေးရန်ဖြစ်သည်" ဟု ဆိုခဲ့ပါသည်။

ကလေးငယ်များ ပညာရေးပန်းတိုင်သို့ ရောက်ရှိနိုင်ရန်မှာ ကျောင်းတွင်းသင်ခန်းစာများအပြင် ပြင်ပဗဟုသုတများ ရှာမှီးနိုင်ခြင်းနှင့် တီထွင်ဖန်တီးနိုင်စွမ်းကို မြှင့်တင်ပေးမည့် ပြင်ပလှုပ်ရှားမှု အစီအစဉ်များသည်လည်း များစွာလိုအပ်လှပါသည်။ ထို့ကြောင့် ကလေးငယ်များအတွက် လေ့လာစူးစမ်းမှုများ ပြုလုပ်နိုင်မည့်နေရာ၊ ဗဟုသုတရှာမှီးနိုင်မည့် အစီအစဉ်များနှင့် သင်ယူလေ့လာနိုင်သော ပတ်ဝန်းကျင်အသိုက်အဝန်းတစ်ခုကို ဖန်တီးတည်ဆောက်ပေးရန်မှာ အရေးကြီးသောလုပ်ငန်းစဉ်တစ်ခု ဖြစ်သည်။

M&AOSB ကုမ္ပဏီသည် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ စီမံကိန်းနယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အစဉ်တန်ဖိုးထားသည့် MPRL E&P Group of Companies ၏ အုပ်စုဝင်ကုမ္ပဏီတစ်ခုဖြစ်သည်နှင့်အညီ စီမံကိန်းနယ်မြေဒေသတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။ ဒေသအတွင်းရှိ ကလေးငယ်များအတွက် လေ့လာသင်ယူနိုင်သော ပတ်ဝန်းကျင်နှင့် လေ့လာသင်ယူနိုင်ရန် အခွင့်အလမ်းများဖန်တီးပေးမှုကိုလည်း ဒေသ၏ ရေရှည်ဖွံ့ဖြိုးမှုအတွက်လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ပံ့ပိုးမှုတစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိသည်။

## သင်ယူလေ့လာနိုင်သောနေရာဖန်တီးခြင်း

ဂေါ်ရန်ဂျီကမ်းခြေဒေသ၊ နံ့သာပုကျေးရွာအုပ်စုရှိ M&AOSB ၏ရုံးခွဲတွင် ၂၀၂၄ ခုနှစ်၊ မတ်လမှစတင်ကာ စီမံကိန်းထိစပ်ပတ်ဝန်းကျင်ကျေးရွာရှိ ကလေးငယ်များ၊ လူငယ်များနှင့် ဒေသခံများ စာပေဗဟုသုတများ ရှာဖွေနိုင်ရန်အတွက် "သုတပင်လယ်" အမည်ရှိစာကြည့်တိုက်ကို ဖွင့်လှစ်ခဲ့သည်။ ထိုစာကြည့်တိုက်လေးသည် လက်ရှိအချိန်တွင် ရပ်ရွာအတွင်းရှိ စာဖတ်ဝါသနာပါသူ လူငယ်လူကြီးများအတွက် အားလပ်ချိန်များတွင် စာအုပ်များ လာရောက်ဖတ်ရှုငှားရမ်းစရာနေရာ၊ ကလေးသူငယ်များအတွက် ကျောင်းပိတ်ရက်များတွင် စိတ်ဝင်စားစရာ ကစားစရာများလာရောက်ကစားနိုင်သည့်နေရာ၊ အရောင်အသွေးစုံလင်သည့် ကာတွန်းစာအုပ်၊ ပုံပြင်စာအုပ်များ လာရောက်ဖတ်ရှုနိုင်သည့်နေရာဖြစ်လျက်ရှိသည်။ ကမ်းခြေဒေသတွင် မှီတင်းနေထိုင်ကြသော ဒေသခံများ၏စားဝတ်နေရေး စသည့် ကာယလိုအပ်ချက်များကို ဘိုးဘွားများလက်ထက်မှစကာ ယခုအချိန်ဖြည့်ဆည်းပေးခဲ့သည့် ပင်လယ်ကြီးကဲ့သို့ ဉာဏလိုအပ်ချက်ဖြစ်သည့် အသိပညာဗဟုသုတများကို ဒေသခံများအား ဖြည့်ဆည်းပေးမည့် နေရာအဖြစ်ရည်ရွယ်ကာ "သုတပင်လယ်" ဟူသော အမည်ဖြင့် M&AOSB ၏ CSR လုပ်ငန်းအဖွဲ့မှဖွင့်လှစ်ခဲ့ပေးခဲ့သည့် စာကြည့်တိုက်လေးသည် စာကြည့်တိုက်အဖွဲ့ဝင်ပေါင်း (၉၄) ဦးနှင့် စာအုပ်ငှားရမ်းမှုပေါင်း (၄၄၉) ကြိမ်ရှိကာ သာယာလှပသော ကမ်းခြေဒေသတွင် နာမည်နှင့်လိုက်ဖက်စွာ တာဝန်ကျေပွန်နေသည့်အပြင် ဒေသတွင်းရှိကလေးငယ်များ သင်ယူလေ့လာနိုင်စရာ အစီအစဉ်များကို ပြုလုပ်ရာနေရာအဖြစ်လည်း အသုံးတော်ခံလျက်ရှိသည်။ M&AOSB ၏ CSR အဖွဲ့အနေဖြင့် စီမံကိန်းနယ်မြေဝန်းကျင်ရှိ ကလေးငယ်များ၏ အသိပညာဗဟုသုတများတိုးပွားစေရန်၊ စိတ်ကူးစိတ်သန်းများ ပိုမိုထက်မြက်လာစေရန်နှင့် ဆန်းသစ်တီထွင်လိုစိတ်များကို မြှင့်တင်ပေးရန်ရည်ရွယ်ကာ "သုတပင်လယ်" စာကြည့်တိုက်တွင် အသိပညာမျှဝေခြင်းနှင့် ဖန်တီးလေ့လာခြင်း အစီအစဉ်များကိုလည်း ကျင်းပပြုလုပ်ပေးခဲ့သည်။


















## ဖန်တီးလေ့လာခြင်း အစီအစဉ်များ

ကလေးငယ်များ၏ စိတ်ကူးအမြင်များကို လက်တွေ့ပုံဖော်နိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်နှင့် ပိုမိုရင်းနှီးကျွမ်းဝင်မှုရှိစေရန်အတွက် ကလေးငယ်များကိုယ်တိုင် ပါဝင်ဖန်တီးရသည့်အစီအစဉ်များကို ကျောင်းပိတ်ရက်များတွင် အကောင်အထည်ဖော်ပေးခဲ့သည်။ ထိုသို့ပြုလုပ်ရာတွင် ပင်လယ်ကမ်းခြေရှိ ခရုခွံကလေးများကို ဆေးရောင်ခြယ်ခြင်း၊ စွန့်ပစ်ဖန်ပုလင်းများနှင့် ပလတ်စတစ်ဘူးခွံများကို ခရုခွံများဖြင့်ပေါင်းစပ်ကာ အဖိုးတန် အိမ်တွင်းအလှဆင်ပစ္စည်းများအဖြစ် ပြန်လည်အသုံးပြုခြင်းစသည့် ပတ်ဝန်းကျင်ရှိအရာဝတ္ထုများကိုအခြေခံသည့်အစီအစဉ်များ ပါဝင်သည်။ ထို့ပြင် ရောင်စုံစက္ကူများ၊ ပန်းပွင့်များနှင့် သစ်ရွက်များကို အသုံးပြုကာ ကလေးငယ်များ၏ စိတ်ကူးရှိရာ ပုံဖော်ဖန်တီးစေခဲ့ရာ ကလေးငယ်များမှာ ပျော်ရွှင်တက်ကြွစွာဖြင့် ပုံမှန်ပူးပေါင်းပါဝင်ခဲ့ကြသည်။





## အသိပညာမျှဝေခြင်း အစီအစဉ်များ

ထို့ပြင် ကျောင်းပိတ်ရက်များကို အကျိုးရှိစွာကုန်ဆုံးစေရန်အတွက် ကလေးငယ်များ၏ အသိအမြင်နှင့် ကိုက်ညီမည့် အသိပညာမျှဝေခြင်းများကိုလည်း ပျော်ရွှင်စရာနည်းလမ်းများဖြင့် တင်ဆက်ပေးခဲ့သည်။ ကမ္ဘာမြေနှင့် သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတတ်စေမည့် အသိပညာပေးမှုများအပြင်၊ စာရိတ္တပိုင်းနှင့် အမူအကျင့်များ ကောင်းမွန်လာစေရန် ရည်ရွယ်သည့် ပုံပြင်ဖတ်ပြခြင်း အစီအစဉ်များကိုလည်း ထည့်သွင်းပြုလုပ်ခဲ့သည်။ ကလေးများကိုယ်တိုင် ပုံပြင်ဖတ်ပြရာတွင် ပါဝင်ဆွေးနွေးစေခြင်းဖြင့်လည်း ၎င်းတို့၏ယုံကြည်မှုကို မြှင့်တင်ပေးနိုင်ရန်အစီအစဉ်များပြုလုပ်ခဲ့သည်။ “သုတပင်လယ်” စာကြည့်တိုက် ဖွင့်လှစ်ထားရှိခြင်း၊ သင်ယူလေ့လာနိုင်စရာအစီအစဉ်များ ပြုလုပ်ခြင်းနှင့်ပတ်သက်၍ CSR လုပ်ငန်းအဖွဲ့ဝင် ဒေါ်ကေခိုင်မိုးမှ “ကလေးတွေကတော့ အများအားဖြင့် ကျောင်းပိတ်ရက်တွေလာပြီး စာအုပ်ဖတ်ကြတယ်။ တခါတလေလည်း စာကြည့်တိုက်မှာရှိတဲ့ ကစားစရာတွေနဲ့ လာကစားကြတယ်။ Trash Hero အစီအစဉ်တွေပြီးတဲ့ အချိန်မှာလည်း စာဆက်ဖတ်ကြ၊ ဆက်ကစားကြတာမျိုးတွေရှိတယ်။ ဖန်တီးလေ့လာတဲ့အစီအစဉ်တွေမှာလည်း လက်မှုပစ္စည်းတွေလုပ်တဲ့အခါ အားလုံးတက်တက်ကြွကြွ ပါဝင်လုပ်ဆောင်ကြသလို သူတို့တွေရဲ့ စိတ်ကူးစိတ်သန်းကွန့်မြူးတာတွေကို ပြုလုပ်ခဲ့တဲ့အစီအစဉ်တွေတိုင်းမှာတွေ့မြင်ရပါတယ်” ဟု သူမ၏အမြင်ကိုမျှဝေခဲ့သည်။

M&AOSB ၏ CSR လုပ်ငန်းအဖွဲ့အနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ဖန်တီးလေ့လာခြင်းအစီအစဉ်နှင့် အသိပညာမျှဝေခြင်းအစီအစဉ် (၁၃) ကြိမ်ကို သုတပင်လယ်စာကြည့်တိုက်တွင် ကလေးငယ် (၂၄၇) ဦးအတွက် ပြုလုပ်ပေးခဲ့သည်။ ယခုကဲ့သို့ အသိပညာမျှဝေခြင်းနှင့် ဖန်တီးလေ့လာခြင်းအစီအစဉ်များမှတစ်ဆင့် M&AOSB ၏ CSR အဖွဲ့သည် ကလေးငယ်များအတွက် လေ့လာစူးစမ်းမှုများ ပြုလုပ်နိုင်သည့် ပတ်ဝန်းကျင်အသိုက်အဝန်းတစ်ခုကို အခိုင်အမာတည်ဆောက်ပေးနေပြီး ၎င်းတို့၏ စိတ်ကူးစိတ်သန်းများ အရှိန်အဟုန်ဖြင့် ဆက်လက်ရှင်သန်ကြီးထွားလာစေရန် စဉ်ဆက်မပြတ် ပံ့ပိုးကူညီပေးလျက်ရှိပါသည်။ ■



# ပင်လယ်ပြာပြာအောက်က သန္တာပျိုးဥယျာဉ်များ

## CORAL REVIVE PROJECT ၏ သန္တာကျောက်တန်းများ ကာကွယ်ထိန်းသိမ်းမှု နှစ်နှစ်တာခရီးစဉ်

မြန်မာနိုင်ငံ၏ ရှည်လျားလှသော ကမ်းရိုးတန်းရေပြင်အောက်တွင် ထူးခြားဆန်းပြားပြီး အလှပဆုံးနှင့် အရေးအပါဆုံးသော ကမ္ဘာငယ်လေးတစ်ခု အခြေတည်လျက်ရှိသည်။ ထိုအရာမှာ အခြားမဟုတ်ဘဲ "ပင်လယ်ပြင်၏ မိုးသစ်တောများ" ဟု တင်စားခေါ်ဝေါ်ကြသည့် သန္တာကျောက်တန်းများ (Coral Reefs) ပင် ဖြစ်သည်။ သန္တာကျောက်တန်းများသည် ကမ္ဘာ့ပင်လယ်ကြမ်းပြင်ဧရိယာတစ်ခုလုံး၏ တစ်ရာခိုင်နှုန်းအောက်သာ ရှိသော်လည်း၊ အဏ္ဏဝါသက်ရှိအားလုံး၏ လေးပုံတစ်ပုံ (၂၅%) ခန့်အတွက် အစားအစာ၊ ခိုလှုံရာနှင့် သားပေါက်ရာနေရာအဖြစ် ပံ့ပိုးပေးထားသည်။

ကမ်းရိုးတန်းဒေသခံလူထုအတွက်မူ ၎င်းတို့သည် ရေအောက်ဂေဟစနစ်တစ်ခုမျှသာမက ဒေသတွင်း ငါးဖမ်းလုပ်ငန်းများကို ဖြစ်ထွန်းစေခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အထောက်အကူပြုခြင်း၊ အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်ပေးခြင်းနှင့် ရေငုပ်ခရီးသွားလုပ်ငန်း (Snorkeling & Scuba Diving) ကဲ့သို့သော စီးပွားရေးအခွင့်အလမ်းများကို ဖန်တီးပေးသည်။ အလွယ်ဆုံးပြောရလျှင် သန္တာကျောက်တန်းများ၏ကျန်းမာကြံ့ခိုင်မှုသည် လူသားများနှင့် သဘာဝတရား နှစ်ဦးနှစ်ဖက်လုံး၏ သာယာဝပြောမှုနှင့် တိုက်ရိုက်ဆက်နွယ်နေသည်။

### မြန်မာ့ပင်လယ်ပြင်နှင့် ရင်ဆိုင်နေရသော စိန်ခေါ်မှုများ

မြန်မာနိုင်ငံသည် ရခိုင်၊ ဧရာဝတီနှင့် တနင်္သာရီတိုင်းဒေသကြီးများတစ်လျှောက် ကီလိုမီတာ (၂,၂၈၀) ကျော် ရှည်လျားသော ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြိတ်ကျွန်းစုတစ်ခုတည်းတွင်တင် မှတ်တမ်းတင်ထားသော သန္တာမျိုးစိတ်ပေါင်း (၅၀၀) ကျော်ရှိပြီး အရှေ့တောင်အာရှ၏ အရေးပါသော အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲဗဟိုချက် (Biodiversity Hotspot) အဖြစ် လူသိများသည်။ သို့ရာတွင် ယနေ့ခေတ်၌ အဆိုပါ အဖိုးတန် ဂေဟစနစ်များသည် ရာသီဥတုပြောင်းလဲခြင်း၊ ကြမ်းတမ်းလွန်းသည့် ငါးဖမ်းစနစ်များ အသုံးပြုခြင်း၊ ရေအောက်နုန်းတင်ခြင်းနှင့် သယံဇာတများကို ရေရှည်အမြော်အမြင်မရှိဘဲ ထုတ်ယူသုံးစွဲခြင်းတို့ကြောင့် စိုးရိမ်ဖွယ်ရာ လျော့နည်းပျက်စီးလာခဲ့သည်။ အပြည်ပြည်ဆိုင်ရာ သန္တာကျောက်တန်းစီမံကိန်း (International Coral Reef Initiative – ICRI) ၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံရှိ သန္တာကျောက်တန်းများ၏ ထက်ဝက်ကျော်သည် ပျက်စီးဆုံးရှုံးခဲ့ပြီး ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးရှိ ဂေါ်ရန်ဂျီဒေသသည် ဤကဲ့သို့သော စိန်ခေါ်မှုများကို အထင်ရှားဆုံးမြင်တွေ့ရသည့် နေရာတစ်ခု ဖြစ်သည်။ ဂေါ်ရန်ဂျီဒေသသည် အဏ္ဏဝါသက်ရှိများ



ကြွယ်ဝမှုကြောင့် ထင်ရှားသော်လည်း လက်ရှိတွင် ဂေဟစနစ်ကို ခြိမ်းခြောက်နေသည့် ပတ်ဝန်းကျင်ဆိုင်ရာ ဖိအားများနှင့် ရင်ဆိုင်နေရသည်။ မိမိတို့ စီမံကိန်းနယ်မြေနှင့် ဆက်နွယ်နေသော ဤဒေသတွင် သန္တာကျောက်တန်းများအပါအဝင် အဏ္ဏဝါဂေဟဝန်းကျင် ပျက်စီးလျော့နည်းလာမှုကို MPRL A-6 ကုမ္ပဏီအနေဖြင့် သိရှိခဲ့ပြီးနောက် ကာကွယ်ထိန်းသိမ်းရန်လည်း အလေးအနက်ထားခဲ့သည်။

MPRL A-6 Limited ကုမ္ပဏီသည် ဒေသအကျိုးပြုလုပ်ငန်းများနှင့်အတူ လူမှုပတ်ဝန်းကျင် ဖွံ့ဖြိုးရေးကို အစဉ်တစိုက်တန်ဖိုးထားသည့် MPRL E&P Group of Companies ၏ အုပ်စုဝင်ကုမ္ပဏီတစ်ခုဖြစ်သည်နှင့်အညီ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုကို ခံယူလျက်၊ ပြည်သာယာစီမံကိန်း (Pyitharyar Integrated Project – PIP) ၏ လူမှုတာဝန်သိလုပ်ငန်း (CSR) အစီအစဉ်အောက်မှနေ၍ "သန္တာကျောက်တန်း ထိန်းသိမ်းရေး စမ်းသပ်စီမံကိန်း (Coral Revive Project)" ကို စတင်အကောင်အထည်ဖော်ခဲ့သည်။ အစပိုင်းတွင် စမ်းသပ်စီမံကိန်းလေးတစ်ခုအဖြစ် စတင်ခဲ့သော်လည်း လွန်ခဲ့သည့် နှစ်နှစ်တာကာလအတွင်း ရေအောက်သက်ရှိကမ္ဘာကို ပြန်လည်ထူထောင်ပြီး ဒေသခံများကိုယ်တိုင် ပင်လယ်ပြင်ကို တာဝန်သိစိတ်ဖြင့် ကာကွယ်စောင့်ရှောက်လာစေသည့် အဓိပ္ပာယ်ရှိသော လူထုအခြေပြုလှုပ်ရှားမှုကြီးတစ်ခုအဖြစ် အားကောင်းစွာ ရှင်သန်လာခဲ့ပြီဖြစ်သည်။




### စိတ်ကူးသစ်တစ်ခုမှသည် ဘုံရည်မှန်းချက်ဆီသို့

Coral Revive Project ကို ဂေါ်ရန်ဂျီဒေသအနီးရှိ စပါးထားကျွန်းဝန်းကျင်ရေပြင်တွင် ရိုးရှင်းသော ရည်မှန်းချက်တစ်ခုဖြင့် စတင်ခဲ့သည်။ ထိုအရာမှာ ပျက်စီးသွားသော သန္တာကျောက်တန်းများကို ပြန်လည်ထူထောင်ရန်နှင့် ဒေသခံလူထုကို ထိန်းသိမ်းရေးလုပ်ငန်းများ၏ တက်ကြွသော မိတ်ဖက်များဖြစ်လာစေရန် ဖြစ်သည်။

သန္တာကျောက်တန်းများ စတင်မစိုက်ပျိုးမီနှင့် သန္တာကျောက်တန်းအတုများ ပြုလုပ်မချထားမီ စီမံကိန်းအဖွဲ့သည် ဒေသခံများ၏အသံကို ဦးစွာနားထောင်ခဲ့သည်။ ဒေသတွင်း ပတ်ဝန်း



ကျင်ဆိုင်ရာ စိန်ခေါ်မှုများနှင့် အလားအလာများကို ပိုမိုနားလည်နိုင်ရန် ရေလုပ်သားများ၊ ကျေးရွာလူကြီးများ၊ အစိုးရတာဝန်ရှိသူများ၊ အဏ္ဏဝါသိပ္ပံပညာရှင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးမှုများစွာ ပြုလုပ်ခဲ့သည်။ ဤတွေ့ဆုံမှုများသည် ယုံကြည်မှုကိုတည်ဆောက်နိုင်ခဲ့ပြီး ယနေ့တိုင် စီမံကိန်းကို လမ်းညွှန်ပေးနေသည့် ပူးပေါင်းဆောင်ရွက်မှု အခြေခံအုတ်မြစ်ကို ချပေးနိုင်ခဲ့သည်။

## ထိန်းသိမ်းရေးဗဟိုချက် “ဒေသခံလူထု”

စီမံကိန်း၏ အားရစရာအကောင်းဆုံး အောင်မြင်မှုတစ်ခုမှာ ဒေသခံလူထုကိုယ်တိုင် ပါဝင်လာမှု တိုးတက်လာခြင်းဖြစ်သည်။ စတင်တည်ထောင်စ ကာလများတွင် ဒေသခံလူထုသည် အသိပညာပေးပွဲများ၊ ပတ်ဝန်းကျင်ဆိုင်ရာ ဆွေးနွေးပွဲများနှင့် ရေငုပ်သင်တန်းများတွင် ပါဝင်ခဲ့ကြသည်။ ကနဦးတွင် ဒေသခံစေတနာ့ဝန်ထမ်း ရေငုပ်သမား (၃) ဦးဖြင့် ရေအောက်ထိန်းသိမ်းရေးလုပ်ငန်းများကို ကူညီပေးခဲ့ရာမှ ၂၀၂၆ ခုနှစ်၊ မေလအရောက်တွင် ဒေသခံရေငုပ်သမား အရေအတွက်သည် (၅) ဦးအထိ တိုးတက်လာခဲ့ပြီ ဖြစ်သည်။ ယနေ့တွင် အဆိုပါ စေတနာ့ဝန်ထမ်းများသည် သန္တာကျောက်တန်းအတုများ စမ်းသပ်ချထားခြင်းလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ခြင်း၊ စီမံကိန်းအခြေအနေများကို တစ်လနှစ်ကြိမ်ခန့် ပုံမှန်ရေငုပ်စစ်ဆေးခြင်း၊ အချက်ပြကိရိယာများကို စစ်ဆေးပြုပြင်ခြင်း၊ သန္တာပျိုးဥယျာဉ်များကို သန့်ရှင်းရေးလုပ်ခြင်း၊ ရေအောက်မှ ရေညှိများနှင့်အမှိုက်များ ဖယ်ရှားခြင်း လုပ်ငန်းများတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြသည်။ ၎င်းတို့၏ ပါဝင်မှုသည် ဒေသခံများ၏ အတွေးအခေါ်ပိုင်း ပြောင်းလဲလာမှုကို ထင်ဟပ်စေသည်။ အကြောင်းမှာ ထိန်းသိမ်းရေးလုပ်ငန်းဆိုသည်မှာ အပြင်မှလာသောပညာရှင်များသာ လုပ်ရမည့်အရာ မဟုတ်ဘဲ၊ မိမိတို့ ရပ်ရွာလူထုကိုယ်တိုင် ဝိုင်းဝန်းတာဝန်ယူရမည့် ဘုံတာဝန်တစ်ခုအဖြစ် ခံယူလာကြခြင်းကြောင့်ဖြစ်သည်။



ရေအောက်လှိုင်းလုံးများကြားမှ သက်ရှိသစ်များ ဖန်တီးခြင်း

သန္တာကျောက်တန်း ပြန်လည်ထူထောင်ရေးလုပ်ငန်းသည် ဖွဲလုံ့လ၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ရေရှည်ကတိကဝတ်များ လိုအပ်သော အလုပ်တစ်ခုဖြစ်သည်။ သန္တာကောင်များ ကောင်းမွန်စွာ ကြီးထွားလာနိုင်မည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးရန်အတွက် စီမံကိန်းသည် နည်းလမ်းမျိုးစုံကို အသုံးပြုခဲ့သည်။ ၎င်းတို့တွင် –

- ကွန်ကရစ်အုတ်ပုံသဏ္ဌာန် သန္တာကျောက်တန်းအတုများ (Fish Condos)
- ကွန်ကရစ်ပိုက်လုံးပုံသဏ္ဌာန် သန္တာကျောက်တန်းအတုများ (Concrete Reef Pipes)
- ကွန်ကရစ်ဘောလုံးပုံသဏ္ဌာန် သန္တာကျောက်တန်းအတုများ (Concrete Reef Balls)









- လေးထောင့်ပုံသဏ္ဌာန် သန္တာပျိုးဥယျာဉ်များ (Coral Nursery Square Frames)
- ကြယ်ပုံသဏ္ဌာန် သန္တာပျိုးဥယျာဉ်များ (Reef Stars)

အဆိုပါ ဖွဲ့စည်းပုံများသည် သန္တာစိုင်ကလေးများ တွယ်ကပ်ပြီးကြီးထွားရန် မျက်နှာပြင်များကို ပံ့ပိုးပေးရုံသာမက၊ ငါးများနှင့် အခြားအဏ္ဏဝါသက်ရှိများအတွက် ခိုလှုံရာနေရာများကိုပါ ဖြစ်ပေါ်စေသည်။

## အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှု

ဤလုပ်ငန်းစဉ်များသည် ဒေသခံလူထု ပါဝင်ခွင့်နှင့် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း တိုးပွားစေခဲ့သည်။ လက်သမားများ၊ ဂဟေဆော်သူများ၊ ပန်းရံသမားများ၊ စက်လှေမောင်းသမားများနှင့် ရေငုပ်သမားများအားလုံးသည် မိမိတို့၏ ကျွမ်းကျင်မှုများဖြင့် ဤစီမံကိန်းတွင် ပါဝင်အားဖြည့်ခဲ့ကြသည်။ အလေးချိန်စီးလှသည့် ကွန်ကရစ် သန္တာကျောက်တန်းအတုများကို ရေအောက်သို့ ချရာတွင် ဒေသခံများ၏ လုပ်သားအင်အားကို အဓိကအားပြုခဲ့ရသည်။ ထို့ပြင် ပြည်တွင်းဖြစ် ရေအောက်သယ်ယူပို့ဆောင်ရေး လေအိတ်များ (Localized Lift Bags) အပါအဝင် ဝါးဖောင်၊ သစ်သားဖောင်များကို စနစ်တကျ ပေါင်းစပ်အသုံးပြုခြင်းဖြင့် ကုန်ကျစရိတ်သက်သာ၍ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေခဲ့သည်။

အချိန်ကြာလာသည်နှင့်အမျှ ရေအောက်ကမ္ဘာတွင် သိသာထင်ရှားသော အပြောင်းအလဲများ စတင်ပေါ်ပေါက်လာခဲ့သည်။ သန္တာစိုင်အကျိုးကလေးများသည် ပျိုးထောင်သည့် စင်များပေါ်တွင် စတင်တွယ်ကပ်ကြီးထွားလာကြပြီး၊ အတုပြုလုပ်ချထားသော နေရာများဝန်းကျင်တွင် ငါးအုပ်စုများ ပိုမိုများပြားလာခဲ့သည်။ ယခင်က သက်ရှိလှုပ်ရှားမှု အလွန်နည်းပါးခဲ့သော ရေပြင်ဧရိယာများသည် ယခုအခါ စုံလင်လှသော အဏ္ဏဝါသက်ရှိများဖြင့် စည်ကားလာခဲ့ပြီဖြစ်သည်။ ဂေဟစနစ်ပြန်လည်ကောင်းမွန်ရန် အချိန်ယူရမည်ဖြစ်သော်လည်း

ယခုမြင်တွေ့ရသည့် ကနဦးလက္ခဏာများသည် စနစ်တကျ ပြုစုပျိုးထောင်ပြီး ကာကွယ်ပေးမည်ဆိုပါက ပျက်စီးသွားသော သဘာဝပတ်ဝန်းကျင်သည် ပြန်လည်နာလန်ထူလာနိုင်ကြောင်း သက်သေပြနေသည်။







## ဂေါ်ရန်ဂျီဒေသမှ ငွေဆောင်ဒေသသို့ ထိန်းသိမ်းရေး နယ်မြေတိုးချဲ့နိုင်ခဲ့ခြင်း

အတွေ့အကြုံများနှင့် ယုံကြည်မှုများ ပိုမိုရရှိလာသည်နှင့်အမျှ စီမံကိန်း၏ ရည်မှန်းချက်များသည်လည်း ပိုမိုကြီးမားလာခဲ့သည်။ ၂၀၂၅ ခုနှစ် အစောပိုင်းတွင် ငွေဆောင်ဒေသ၌ ပြုလုပ်ခဲ့သော သန္တာကျောက်တန်းများကို ရေငုပ်လေ့လာခြင်းနှင့် မြေပုံရေးဆွဲခြင်းများအပြီးတွင်၊ သန္တာကျောက်တန်း ထိန်းသိမ်းရေးလုပ်ငန်းကို ငွေဆောင်ဒေသသို့ တိုးချဲ့ဆောင်ရွက်ခဲ့သည်။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလတွင် ဒေသခံရေငုပ်သမားများနှင့် နည်းပညာဆိုင်ရာ ကျွမ်းကျင်သူများ၏ အကူအညီဖြင့် ထိုနေရာတွင် ကြယ်ပုံသဏ္ဌာန် သန္တာပျိုးဥယျာဉ်များ (Reef Stars) ကို အောင်မြင်စွာ ချထားနိုင်ခဲ့သည်။

ဤကဲ့သို့ နယ်မြေတိုးချဲ့နိုင်ခြင်းက စမ်းသပ်စီမံကိန်းမှ ရရှိခဲ့သော သင်ခန်းစာများကို အခြားသော သင့်တော်သည့် မည်သည့်နေရာတွင်မဆို အကျိုးရှိရှိ အသုံးချနိုင်ကြောင်း ပြသခဲ့သည်။ ထို့ပြင် ဒေသခံလူထု၊ ခရီးသွားလုပ်ငန်းရှင်များ၊ အစိုးရဌာနဆိုင်ရာများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များနှင့် တက္ကသိုလ်ပညာရေး အသိုင်းအဝိုင်းများအကြား ပူးပေါင်းဆောင်ရွက်မှုကိုလည်း ပိုမိုခိုင်မာစေခဲ့သည်။

## သင်ယူခြင်း၊ မျှဝေခြင်းနှင့် စိတ်ဓာတ်ခွန်အားပေးခြင်း

ပညာပေးလုပ်ငန်းများသည် စီမံကိန်းစတင်တည်ထောင်ချိန်ကတည်းက Coral Revive Project ၏ အဓိကကျသော မဏ္ဍိုင်တစ်ခု ဖြစ်ခဲ့သည်။ လွန်ခဲ့သည့် နှစ်နှစ်တာကာလအတွင်း အလုပ်ရုံဆွေးနွေးပွဲများ၊ အသိပညာပေးလှုပ်ရှားမှုများ၊ လူထုဆွေးနွေးပွဲများနှင့် ပွင့်လင်းမြင်သာသော လေ့လာရေးအစီအစဉ်များမှတစ်ဆင့် ရေလုပ်သားများ၊ ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ၊ အစိုးရကိုယ်စားလှယ်များ၊ ခရီးသွားလုပ်ငန်း လုပ်ကိုင်သူများနှင့် ဒေသခံခေါင်းဆောင်များကို တစ်နေရာတည်းတွင် ဆုံစည်းပေးနိုင်ခဲ့သည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလတွင် ရေရှည်တည်တံ့သော ငါးလုပ်ငန်းအရင်းအမြစ်များ စီမံခန့်ခွဲမှု၊ ရေနေဂေဟစနစ် ထိန်းသိမ်းရေးမှုကို အဓိကထားသည့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်သူဦးရေ (၆၀) ကျော် ရှိခဲ့သည်။ ထို့ပြင် စီမံကိန်းသည် “သန္တာကျောက်တန်း ကာကွယ်ထိန်းသိမ်းရေး စမ်းသပ်စီမံကိန်းအခြေအနေများကို ဒေသခံများကိုယ်တိုင် ရေငုပ်လေ့လာရေးခရီးစဉ် (Coral Conservation Open Day)” ကိုလည်း ကျင်းပပေးခဲ့သဖြင့်၊ ဒေသခံလူထုသည် ထိန်းသိမ်းရေးနယ်မြေဆီသို့ ကိုယ်တိုင်လည်ပတ်၍ လုပ်ငန်းခွင်အခြေအနေများကို ရေငုပ်လေ့လာခွင့် ရရှိခဲ့ကြသည်။ တက်ရောက်သူအများစုအတွက်မူ ဤအတွေ့အကြုံများသည် သန္တာကျောက်တန်းထိန်းသိမ်းခြင်းကို ဝေးကွာလှသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ခုအဖြစ်မှ မိမိတို့ကိုယ်တိုင် မြင်တွေ့နားလည်ပြီး ထောက်ခံအားပေးနိုင်သည့် အရာတစ်ခုအဖြစ်သို့ ပြောင်းလဲပေးနိုင်ခဲ့သည်။

## မျိုးဆက်သစ်လူငယ်များကို ပြုစုပျိုးထောင်ခြင်း

ထို့ပြင် ၂၀၂၆ ခုနှစ်၊ မေလတွင် ကျင်းပခဲ့သည့် “သန္တာကျောက်တန်းစောင့်ရှောက်သူ လူငယ်လေးများ (Young Reef Rang-ers)” အစီအစဉ်သည် စီမံကိန်း၏ အမှတ်ရဖွယ်လှုပ်ရှားမှုများအနက်မှ တစ်ခုဖြစ်ခဲ့သည်။ ကလေးငယ်များသည် သန္တာကျောက်တန်းများ၊ အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ထိန်းသိမ်းရေးဆိုင်ရာ လက်တွေ့သင်ခန်းစာများမှတစ်ဆင့် ရေအောက်ကမ္ဘာကို စိတ်ဝင်တစားလေ့လာခဲ့ကြသည်။ ၎င်းတို့သည် သန္တာပျိုးဥယျာဉ်များကို ကြည့်ရှုလေ့လာခြင်း၊ ရေအောက်ဂေဟစနစ်အကြောင်း သင်ယူခြင်းနှင့် သန္တာစိုင်ကလေးများကို Reef Star များပေါ်တွင် ကိုယ်တိုင်တွယ်ကပ်ပေးခြင်း စသည်တို့ကို ပြုလုပ်ခဲ့ကြသည်။



ဤအတွေ့အကြုံများသည် ယနေ့အချိန်တွင် သေးငယ်သည်ဟု ထင်ရသော်လည်း အနာဂတ်အတွက် အဖိုးတန်သော ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်သည်။ သမုဒ္ဒရာ၏ တန်ဖိုးကို လူငယ်များနားလည်လာစေရန် ကူညီပေးခြင်းဖြင့်၊ စီမံကိန်းသည် နောင်တစ်ချိန်တွင် ပတ်ဝန်းကျင်ကို ဆက်လက်ထိန်းသိမ်းမည့် မျိုးဆက်သစ် အုပ်ထိန်းသူကောင်းများကို မွေးထုတ်ပေးနေခြင်း ဖြစ်သည်။

## စိန်ခေါ်မှုများမှတစ်ဆင့် သင်ယူခြင်း

မည်သည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ကြိုးပမ်းမှုတွင်မဆို စိန်ခေါ်မှုများ ရှိစမြဲဖြစ်ပြီး Coral Revive Project သည်လည်း အခက်အခဲများကို ရင်ဆိုင်ခဲ့ရသည်။ ပြင်းထန်သော ရေစီးကြောင်းများ၊ ပင်လယ်လှိုင်းလေကြမ်းခြင်း၊ နုန်းတင်ခြင်း၊ ရေအောက်မြင်ကွင်း မကြည်လင်ခြင်းနှင့် ရာသီဥတုဆိုးရွားခြင်းတို့သည် ရေငုပ်ခြင်းနှင့် စောင့်ကြည့်လေ့လာရေးလုပ်ငန်းများကို မကြာခဏ အဟန့်အတားဖြစ်စေခဲ့သည်။ အချို့သော သန္တာကျောက်တန်းအတု ဒီဇိုင်းများသည် ဒေသတွင်း ရေအောက်အခြေအနေများနှင့် အဆင်မပြေကြောင်း တွေ့ရှိရသဖြင့် ပုံစံအသစ် ပြန်လည်ရေးဆွဲခဲ့ရသည်။ လှိုင်းတံပိုးများနှင့် ရေစီးကြောင်းများကြောင့် ရေပေါ်ဘောသီးများ၊ ကြိုးများနှင့် အချက်ပြမီးများကဲ့သို့သော ကိရိယာများလည်း မကြာခဏ ပျက်စီးဆုံးရှုံးခဲ့ရသည်။

ထို့ပြင် လေအိုးများ လေပြန်လည်ဖြည့်တင်းရန် ဒေသတွင်း အခြေခံအဆောက်အအုံလိုအပ်ချက်ရှိခြင်းနှင့် လျှပ်စစ်မီး ပြတ်တောက်မှုများကြောင့် လုပ်ငန်းစဉ်အချို့ တုံ့ဆိုင်းရသည့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်ခဲ့ရသည်။ သို့သော်လည်း ဤအတားအဆီးများသည် အဖွဲ့သားများကို စိတ်ဓာတ်ကျမသွားစေဘဲ ပိုမိုကောင်းမွန်အောင် သင်ယူပြင်ဆင်နိုင်မည့်အခွင့်အလမ်းများ ဖြစ်လာခဲ့သည်။ ထိန်းသိမ်းရေးနည်းလမ်းများကို ပိုမိုစနစ်ကျအောင် အဆင့်မြှင့်တင်ခဲ့ပြီး ကိရိယာများကို ပိုမိုခိုင်ခံ့အောင်ပြုလုပ်ကာ တန်ဖိုးရှိသောသင်ခန်းစာများကို အနာဂတ်စီမံကိန်းများအတွက် ထည့်သွင်းစဉ်းစားနိုင်ခဲ့သည်။

## မိတ်ဖက်အဖွဲ့အစည်းများ၏ စုပေါင်းအင်အား

Coral Revive Project သည် စုပေါင်းအင်အား၏ စွမ်းပကားကို သက်သေပြနေသည့် စီမံကိန်းတစ်ခု ဖြစ်သည်။ ဤလုပ်ငန်းစဉ်ကြီး ဖြစ်မြောက်အောင်မြင်ရန်အတွက် အောက်ပါ မိတ်ဖက်အဖွဲ့အစည်းများစွာ ဝိုင်းဝန်းလက်တွဲခဲ့ကြသည် –

- ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့
- ငါးလုပ်ငန်းဦးစီးဌာန
- သစ်တောဦးစီးဌာန
- ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
- ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
- ပုသိမ်တက္ကသိုလ်နှင့် မြိတ်တက္ကသိုလ်
- ဒေသခံအာဏာပိုင်များ
- ရေငုပ်ကျွမ်းကျင်ပညာရှင်များနှင့် ဒေသခံလူထုတို့ဖြစ်သည်။

မြိတ်တက္ကသိုလ်၊ အဏ္ဏဝါသိပ္ပံဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာချယ်ရီအောင်နှင့် ၎င်း၏ အဏ္ဏဝါသိပ္ပံပညာရှင်များအဖွဲ့သည် စီမံကိန်းကာလတစ်လျှောက်တွင် အရေးကြီးသော နည်းပညာဆိုင်ရာလမ်းညွှန်မှုများကို ပံ့ပိုးပေးခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများသည် ခိုင်မာသော သိပ္ပံနည်းကျ အချက်အလက်များနှင့် ဒေသတွင်းဇဟုသုတများအပေါ် အခြေခံကြောင်း သေချာစေခဲ့သည်။

သန္တာကျောက်တန်းထက်မက အရေးပါသော အောင်မြင်မှု Coral Revive Project ၏ စစ်မှန်သော အောင်မြင်မှုကို ရေအောက်တွင်ချထားခဲ့သည့် သန္တာပျိုးဥယျာဉ် အရေအတွက်



(သို့မဟုတ်) စိုက်ပျိုးခဲ့သည့် သန္တာစိုင်အရေအတွက်မျှဖြင့်သာ တိုင်းတာ၍မရနိုင်ပါ။ ၎င်း၏ အကြီးမားဆုံးသော အောင်မြင်မှုမှာ "ပင်လယ်သမုဒ္ဒရာကြီးသည် ကမ္ဘာမြေပေါ်ရှိ သက်ရှိအားလုံးကို ထိန်းသိမ်းရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်" ဟူသော အသိစိတ်ဓာတ် ဒေသခံလူထုကြားတွင် ပိုမိုအားကောင်းလာခြင်းပင် ဖြစ်သည်။

သန္တာကျောက်တန်းများသည် ငါးများအတွက် အိမ်အဖြစ် ဖန်တီးပေးပြီး ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းညှိပေးကာ ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းမှုကို ဖြစ်ထွန်းစေသည်။ ဒေသခံလူထုကိုယ်တိုင် ပါဝင်လာအောင် လှုံ့ဆော်ပေးခြင်းနှင့် ဘုံတာဝန်သိစိတ်များ မျှဝေပေးခြင်းဖြင့်၊ ဤစီမံကိန်းသည် ရပ်ရွာလူထုနှင့် ၎င်းတို့ကို အကျိုးပြုနေသော အဏ္ဏဝါပတ်ဝန်းကျင်အကြား ပိုမိုခိုင်မာသော သံယောဇဉ်နှောင်ကြိုးကို ဖန်တီးပေးနိုင်ခဲ့ပြီဖြစ်သည်။

## ရှေ့သို့လှမ်းမည့် ခရီးစဉ်

သန္တာကျောက်တန်းများကို ပြန်လည်ထူထောင်ရမည့် ခရီးလမ်းသည် ရှည်လျားလှသည်။ အဏ္ဏဝါဂေဟစနစ်များသည် အလွန်နှေးကွေးစွာသာ ပြန်လည်ဦးမော့လာနိုင်သဖြင့် ထိန်းသိမ်းရေးလုပ်ငန်းများသည် စိတ်ရှည်မှု၊ ကတိကဝတ်ပြုမှုနှင့် စဉ်ဆက်မပြတ်လေ့လာသင်ယူမှုတို့ လိုအပ်သည်။



Coral Revive Project အနေဖြင့် မြန်မာ့အဏ္ဏဝါပတ်ဝန်းကျင် ရင်ဆိုင်နေရသော စိန်ခေါ်မှုအားလုံးကို အကုန်အစင် ဖြေရှင်းပေးနိုင်ခဲ့ပြီဟု မဆိုလိုပါ။ သို့ရာတွင် ဒေသခံလူထု၊ သိပ္ပံပညာရှင်များ၊ အစိုးရဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကလုပ်ငန်းများ အားလုံးသည် ဘုံရည်မှန်းချက်တစ်ခုအတွက် အတူတကွ လက်တွဲလုပ်ဆောင်လျှင် မည်မျှအထိ အားကောင်းသော ရလဒ်များ ထွက်ပေါ်လာနိုင်ကြောင်းကိုမူ ကောင်းစွာ သက်သေပြနိုင်ခဲ့ပြီ ဖြစ်သည်။

ရှေ့ဆက်ရမည့် ခရီးလမ်းတွင်လည်း မိမိတို့စီမံကိန်းသည် သန္တာကျောက်တန်းများ စောင့်ကြည့်စစ်ဆေးခြင်း၊ လူထုပူးပေါင်းပါဝင်မှု မြှင့်တင်ခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ ပညာပေးခြင်းနှင့် ပြန်လည်ထူထောင်ရေး နည်းပညာများကို ပိုမိုကောင်းမွန်အောင် ဆန်းသစ်ခြင်းတို့အပေါ် ဆက်လက် အာရုံစိုက်လုပ်ဆောင်သွားမည်ဖြစ်သည်။ Coral Revive Project ၏ ပုံရိပ်လွှာသည် ဆက်လက်ရေးထိုးနေဆဲ ဖြစ်သော်လည်း ကနဦး ဖြတ်သန်းခဲ့ရသည့် နှစ်နှစ်တာ ကာလသည်ပင်လျှင် ဝိုင်းဝန်းကူညီမှု၊ ဖွဲ့လုံ့လနှင့် ဂရုစိုက်မှုတို့ ရှိပါက ပင်လယ်ပြာပြာဆီသို့ သက်ရှိကမ္ဘာကို တစ်စထက်တစ်စ၊ တစ်မျိုးဆက်မှတစ်မျိုးဆက် ပြန်လည်ယူဆောင်လာနိုင်ကြောင်း ယခုစီမံကိန်းက သက်သေပြလျက်ရှိပါတော့သည်။ ■



# M&AOSB နှင့် နံ့သာပုကျေးရွာလူထုတို့ လက်တွဲညီညီဖော်ဆောင်လျက်ရှိသော "ဆွေးမြေ့အမှိုက်ကန်အစီအစဉ်"



ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် စနစ်ကျသော အမှိုက်စွန့်ပစ်မှုစနစ်သည် ဒေသတစ်ခု ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် မရှိမဖြစ်လိုအပ်သော အခြေခံအုတ်မြစ်တစ်ခု ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင် သန့်ရှင်းစိုပြည်ရေးနှင့် စနစ်ကျသော အမှိုက်စွန့်ပစ်မှုစနစ်တစ်ခု ဖြစ်ထွန်းလာရန်အတွက် ကလေးငယ်များ၏ အသိပညာနိုးကြားမှုသာမက ရပ်ရွာလူထုတစ်ရပ်လုံး၏ လက်တွေ့ပူးပေါင်းပါဝင်မှုသည်လည်း အလွန်အရေးကြီးပါသည်။ ထို့ကြောင့် M&AOSB ၏ CSR အဖွဲ့သည် Trash Hero Gaw Yan Gyi အမှိုက်ကောက်သူရဲကောင်းအဖွဲ့မှ ကလေးငယ်များနှင့် နံ့သာပုကျေးရွာလူထုတို့ကို ပေါင်းစပ်ပေးသည့် "ကျေးရွာလူထုမှ စီမံခန့်ခွဲသည့် ဆွေးမြေ့အမှိုက်ကန်အစီအစဉ်" ကို ၂၀၂၄ ခုနှစ်၊ ဧပြီလအတွင်းတွင် စီမံကိန်းထိစပ်ကျေးရွာဖြစ်သည့် နံ့သာပုကျေးရွာအုပ်စုတွင် စတင်လုပ်ဆောင်ခဲ့သည်။

## အစီအစဉ်၏ ရည်ရွယ်ချက်များ

ယခုလှုပ်ရှားမှုသည် ဒေသခံအိမ်ထောင်စုများအတွင်း နေ့စဉ်ထွက်ရှိနေသော စွန့်ပစ်အမှိုက်များကို စနစ်တကျခွဲခြားစွန့်ပစ်သည့်အလေ့အထကောင်းများ အခြေကျစေရန် အဓိကဦးတည်ထားပြီး ထိုမှတစ်ဆင့် ထွက်ရှိလာမည့် ဆွေးမြေ့နိုင်သော အရာဝတ္ထုများကို ကမ္ဘာမြေအတွက် အဖိုးတန်သဘာဝမြေသြဇာအဖြစ် ပြောင်းလဲပေးနိုင်သော "ဆွေးမြေ့အမှိုက်ကန်" ၏ နည်းလမ်းများနှင့် ရေရှည်အကျိုးကျေးဇူးများကို လူထုရော ကလေးငယ်များပါ လက်တွေ့ကျကျ စူးစမ်းသိရှိနိုင်ရန် ဖော်ဆောင်ခဲ့ခြင်း ဖြစ်ပါသည်။

ထို့ပြင် ထိုကဲ့သို့ အမှိုက်များကို စနစ်တကျ ပြန်လည်အသုံးချတတ်သည့် လက်တွေ့သင်ယူမှုဖြစ်စဉ်တစ်ခုလုံးမှတစ်ဆင့် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အမှိုက်ကောက်သူရဲကောင်း (Trash Hero) ကလေးငယ်များ၏ ရင်ထဲတွင် ပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတတ်သည့် တာဝန်သိစိတ်ဓာတ်နှင့် မိမိတို့ရပ်ရွာအပေါ် အစဉ်အမြဲ အကျိုးပြုလိုသော စိတ်ဓာတ်ကောင်းများကို ပေါ်ပေါက်လာစေရန်မျှော်မှန်း၍ ဤအစီအစဉ်ကို ရည်ရွယ်ဖော်ဆောင်ခဲ့ခြင်း ဖြစ်ပါသည်။

## တစ်အိမ်တက်ဆင်း လူထုလှုပ်ရှားမှုနှင့် အသိပညာပေးခြင်း

ပထမအဆင့်အနေဖြင့် ကျေးရွာအတွင်းရှိ အိမ်ထောင်စု (၃၀)



၏ နေအိမ်များမှ ဆွေးမြေ့နိုင်သော စွန့်ပစ်အမှိုက်များကို သီးသန့်ခွဲခြားစုဆောင်းနိုင်ရန်အတွက် အမှိုက်အိတ်များကို လိုက်လံဝေမျှခဲ့ပါသည်။ ထိုသို့ဝေမျှရာတွင် Trash Hero ကလေးငယ်များနှင့် M&AOSB ၏ CSR အဖွဲ့ဝင်များမှ အိမ်ထောင်စုတစ်စုချင်းဆီသို့ တစ်အိမ်တက်ဆင်း သွားရောက်ပြီး အမှိုက်ခွဲခြားခြင်းဆိုင်ရာ အသိပညာများပေးခြင်း၊ ရပ်ရွာလူထုကစီမံခန့်ခွဲသည့် ဆွေးမြေ့အမှိုက်ကန်အစီအစဉ်နှင့် ပတ်သက်သည့်အချက်လက်ဝေမျှခြင်းများကို လက်ကမ်းစာစောင်များဝေကာ ဒေသခံလူထုထံ တိုက်ရိုက်လိုက်လံနှိုးဆော်အသိပေးခဲ့ကြသည်။

## ကျေးရွာနေလူထုနှင့် ကလေးငယ်များ စုပေါင်း၍ အမှိုက်ကန် တည်ဆောက်ခြင်း

ဒုတိယအဆင့်တွင် အိမ်ထောင်စုများက စနစ်တကျ စုဆောင်းပေးထားသော ဆွေးမြေ့အမှိုက်များကိုအသုံးပြု၍ အမှိုက်ကောက်သူရဲကောင်း ကလေးငယ် (၂၈) ဦးနှင့်အတူ ကျေးရွာလူထုကိုယ်တိုင် စီမံခန့်ခွဲမည့် ဆွေးမြေ့အမှိုက်ကန်ကို လက်တွေ့စတင်ပြုလုပ်ခဲ့ကြသည်။ ကလေးငယ်များသည် စွန့်ပစ်ပစ္စည်းများကို သဘာဝမြေဆွေးအဖြစ် ပြောင်းလဲပစ်နိုင်သည့်နည်းပညာကို လက်တွေ့ကွင်းဆင်း စူးစမ်းလေ့လာခွင့်ရခဲ့ပြီး၊ ရပ်ရွာလူထုအနေဖြင့်လည်း မိမိတို့ရွာ၌ အမှိုက်ကန်စနစ်တကျရှိလာခြင်းကြောင့် ပတ်ဝန်းကျင်ကို ထိန်းသိမ်းရလွယ်ကူသွားစေခဲ့သည်။

## စဉ်ဆက်မပြတ် စောင့်ကြည့်ထိန်းသိမ်းခြင်းနှင့် ရေရှည်ပျိုးထောင်ခြင်း

တတိယအဆင့်အနေဖြင့်အိမ်ထောင်စုများ အမှိုက်ခွဲခြားမှု အရှိန်မပြတ်စေရန် အမှိုက်အိတ်များကို ထပ်မံပေးဝေကာအသိပညာမျှဝေမှုများ ထပ်မံပြုလုပ်ပေးခဲ့သည်။ ထို့ပြင် တည်ဆောက်ပြီးစီးသွားသော အမှိုက်ကန်ကိုလည်း ဒေသခံကလေးငယ်များနှင့်အတူ လိုအပ်သော ထိန်းသိမ်းမှုများ ပြုလုပ်ခဲ့ကြသည်။ အိမ်တွင်းအမှိုက်များ ခွဲခြားစွန့်ပစ်သည့်



အလေ့အထ ပိုမိုခိုင်မာလာစေရန် အမှိုက်ကောက်သူရဲကောင်း (Trash Hero) ကလေးငယ်များအား အမှိုက်အိတ်ငယ်များ ပေးအပ်ကာ ဆွေးမြေ့အမှိုက်ကန်များတွင် ထည့်သွင်းနိုင်မည့် အမှိုက်များကို စုဆောင်းလာစေခြင်းဖြင့် ကလေးငယ်များ၏ နေ့စဉ်ဘဝထဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာများ ကိန်းအောင်းသွားစေရန်လုပ်ဆောင်ခဲ့သည်။

ဤကျေးရွာလူထုစီမံခန့်ခွဲသည့် ဆွေးမြေ့အမှိုက်ကန်မှ တစ်ဆင့် အချိန်ကာလတစ်ခုအကြာတွင် အဖိုးတန် သဘာဝမြေဆွေး (ဒေသထွက်အော်ဂဲနစ်မြေသြဇာ) များရရှိလာတော့မည်ဖြစ်သည်။ ယင်းသို့ မြေဆွေးများ ရရှိလာပါက သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရန်အတွက် ကလေးငယ်များနှင့်အတူ တက်ကြွစွာပူးပေါင်းပါဝင်ခဲ့ကြသည့် ကျေးရွာအိမ်ထောင်စုများထံသို့ ပြန်လည်ပေးဝေ၍ စိုက်ပျိုးရေးလုပ်ငန်းများတွင် သုံးစွဲစေမည်ဖြစ်သည်။ ■

